# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဒီဇင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၉၅)၊ ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ ၂၁-၆-၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

# တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် ခါမ်းပါတ်မြို့အား ပြန်လည်သိမ်းပိုက်ရရှိ

## ကလေး-တမူးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိ



တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် ဆက်သွယ်ရေးအရ အရေးပါသည့် ခါမ်းပါတ်မြို့အား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၀

တပ်မတော်အနေဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်သော ကလေး-တမူး လမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါလမ်းကြောင်းပေါ်ရှိ နယ်စပ်ကုန်သွယ်ရေးနှင့် ဆက်သွယ်ရေးအရ အရေးပါသည့် ခါမ်းပါတ်မြို့အား ယနေ့တွင် ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ သို့

**ယနေ့ ဖတ်စရာအညွှန်း**


အေးအတူ ပူအမျှ အသိုက်အဝန်း၏ တောက်ပသည့် အနာဂတ်သို့ ဦးတည် (ဆောင်းပါး) စာမျက်နှာ ၄

၂၀၂၆ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူး(ထောက်လု)ဗိုလ်စွဲ ပြိုင်ပွဲဖွင့်ပွဲကျင်းပ စာမျက်နှာ ၆

ရောဘတ်တိုမာတီနက်ဇ် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ပေါ်တူဂီနည်းပြရာထူးမှ နုတ်ထွက်မည် စာမျက်နှာ ၁၁


## MAI က Aerohub ၊ Aeroplay တို့နှင့် ပူးပေါင်း၍ Wireless In-Flight Entertainment စနစ် မိတ်ဆက်




ရန်ကုန် ဇွန် ၂၀

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)အနေဖြင့် Aerohub ၊ Aeroplay တို့နှင့် ပူးပေါင်း၍ လေယာဉ်ပေါ်တွင် လွယ်ကူစွာ ဝိုင်ဖိုင်ချိတ်ဆက်အသုံးပြုနိုင်သည့် Wireless In-Flight Entertainment(IFE)စနစ်သစ်ကို ဇွန် ၁၇ ရက်တွင် တရားဝင်စတင်မိတ်ဆက်ခဲ့ကြောင်း MAI ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

MAI အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ လေကြောင်းလိုင်းများအကြား fully wireless,bring-your-own-device(BYOD) onboard entertainment platform ကို ပထမဆုံးအကောင်အထည်ဖော်အသုံးပြုခြင်းဖြစ်ပြီး အဆိုပါစနစ်သစ်တွင် Aerohub က onboard wireless entertainment platform ကို ပံ့ပိုးပေးထားကာ Aeroplay Entertainment က ခရီးသည်များအတွက် ရွေးချယ်စီစဉ်ပေးထားသည့် Entertainment Content များကို တာဝန်ယူပံ့ပိုးပေးထားသည်။

ထို့ကြောင့် လေယာဉ်စီးခရီးသည်များအနေဖြင့် onboard Wi-Fi အား ထိုင်ခုံရှေ့ရှိ QR code ကို Scan ဖတ်ကာ လွယ်ကူစွာချိတ်ဆက်ပြီး မိမိတို့၏ စမတ်ဖုန်း၊ တက်ဘလက်၊ လက်ပ်တော့စသည့် ကိုယ်ပိုင် device များပေါ်တွင် တိုက်ရိုက် Streaming အနေဖြင့် အဆင်ပြေချောမွေ့စွာ ကြည့်ရှုနိုင်မည်ဖြစ်ကာ လေယာဉ်စီးခရီးသွားလာရင်း ခေတ်မီသော Wireless Inflight Entertainment အတွေ့အကြုံတစ်ခုကို ခံစားရရှိနိုင်မည်ဖြစ်သည်။

ယင်း Wireless In-flight Entertainment (IFE) စနစ်သစ်တွင် Hollywood movie များ၊ International movie များ၊ Game အစီအစဉ်များ၊ TV Program များနှင့် ရွေးချယ်စရာများပြားလှသည့် သီချင်းမျိုးစုံတို့ကို ရွေးချယ်ကြည့်ရှုနိုင်မည်ဖြစ်ပြီး Destination Information များနှင့် Passenger Engagement Features တို့လည်း ပါဝင်သည်။

Wireless In-flight Entertainment စနစ်သစ်အား မိတ်ဆက်အသုံးပြုမှုသည် ဒေသတွင်းရှိ လေကြောင်းလိုင်းများအကြား ပိုမိုခေတ်မီသော Wireless In-flight Entertainment (IFE) နည်းပညာများကို လက်ခံအသုံးပြုလာပြီး တိုးတက်လာသည့် ခရီးသည်ဝန်ဆောင်မှုများကို ထင်ဟပ်စေကြောင်း၊ အဆိုပါနည်းပညာများသည် လေယာဉ်ပေါ်ရှိ စက်ပစ္စည်းလိုအပ်ချက်များနှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းများကို လျှော့ချပေးနိုင်သည့်အပြင် ခရီးသည်များအတွက် ခေတ်မီ၊ အဆင်ပြေပြီး အရည်အသွေးမြင့်သော ခရီးသွားအတွေ့အကြုံကို ပေးစွမ်းနိုင်ရန် အထောက်အကူပြုလျက်ရှိကြောင်း MAI ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။ **ကိုထက်**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/စလ**

၂၀၂၆ ခုနှစ် ၊ ဇွန် ၂၁ ရက် ၊ တနင်္ဂနွေနေ့။

မန္တလေးနေ့စဉ်

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းရည်မှန်းချက်များ အောင်မြင်စေဖို့၊ အစိုးရသစ်ရဲ့ ပြုပြင်ပြောင်းလဲရေးမူဝါဒတွေ၊ ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ စီမံကိန်းကျေးရွာတွေမှာ သမဝါယမစနစ်ကို မဏ္ဍိုင်ပြုပြီး စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြဖို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ကြဖို့ မှာကြားလိုပါကြောင်း၊ သင်တန်းကာလ(၅)ရက်တာ ဆွေးနွေးပို့ချပြီးဖြစ်တဲ့အတွက် မိမိတို့ဒေသသို့ ပြန်လည်ရောက်ရှိတဲ့အခါမှာ စီမံကိန်းကို အတူတကွ အကောင်အထည်ဖော်မည့် လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများကို သင်တန်းကရရှိခဲ့တဲ့ အသိပညာ၊ ဗဟုသုတတွေနဲ့ နည်းပညာများကို ပြန်လည်မျှဝေပေးကြဖို့ တိုက်တွန်းမှာကြားလိုပါကြောင်း တာဝန်ရှိသူက ဇွန် ၁၉ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၆-B) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနား၌ ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် ကျေးရွာတွေရွေးချယ်ရာမှာ ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်နဲ့အညီ ၃မိုင်၊ ၅မိုင်၊ ၁၀ မိုင်ဆိုတဲ့ မဟာဗျူဟာမြောက် တည်နေရာရွေးချယ်တာတွေ၊ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျင့်သုံးရမယ့် မဟာဗျူဟာ၊ ပြည်သူကိုယ်တိုင်စီမံခန့်ခွဲသော ကျေးရွာဖွံ့ဖြိုးရေး အောင်မြင်စေဖို့၊ သင်တန်းသားသင်တန်းသူတွေအနေနဲ့ ကျေးလက်နေပြည်သူတွေနဲ့ အနီးကပ်ပြောဆိုဆက်ဆံရတာဖြစ်လို့ လူထုဆက်ဆံရေးကောင်းမွန်ဖို့စတာတွေ သိ ၃ သိဆိုတဲ့ မူကိုလက်ကိုင်ထားပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ မှာကြားလိုပါကြောင်း၊ ဝတ်စားဆင်ယင်မှုအနေနဲ့ မှာကြားလိုတာကတော့ ရုံးဖွင့်ရက်တွေမှာ သတ်မှတ်ယူနီဖောင်းဝတ်စုံ၊ ကွင်းဆင်းရာမှာ တရားဝင်သတ်မှတ်ထားသောယူနီဖောင်းဝတ်စုံများကို ပြည့်စုံစွာ ဝတ်ဆင်ကြဖို့နဲ့ မိမိဒေသသို့ ပြန်လည်ရောက်ရှိတဲ့အခါ မိမိနဲ့အတူ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းအချင်းချင်းကိုလည်း ဒီသတင်းစကားတွေကို ပြန်လည်မျှဝေပေးဖို့ အထူးသတိပေးမှာကြားလိုပါကြောင်း ပြောကြားသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး မွမ်းမံသင်တန်းတက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ရာ သင်တန်းသားသင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့မှ လက်ခံရယူခဲ့ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနများမှ သင်တန်းသား၊ သင်တန်းသူ(၄၀)ဦးတက်ရောက်ကြပြီး သင်တန်းကို ဇွန်လ ၁၅-၆-၂၀၂၆ရက်နေ့မှ ၁၉-၆-၂၀၂၆ရက်နေ့ထိ ၅ရက်ကြာ စာတွေ့လက်တွေ့ဖြင့် သင်ကြားပို့ချခဲ့သည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ပေးလျက်ရှိပြီး ကျေးလက်ဒေသမှာရှိသည့် ပြည်သူများဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေရရှိရေးတို့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေရရှိမည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးကိုလည်း ဆောင်ရွက်ပေးနေပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆပ်ပြာရည်သင်တန်း၊ စက်ချုပ်သင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်းများစသည့် သက်မွေးပညာသင်တန်းများကို ဝင်ငွေတိုးစီမံကိန်းများဖြင့် သင်တန်းဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် အရင်းအနှီးများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## သံအမတ်ကြီး ဦးမောင်မောင်စိုးအား ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးမောင်မောင်စိုးအား ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## သံရုံးယာယီတာဝန်ခံ / သံအမတ်ကြီး ဦးဝေလင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ ဟန္နိုင်းမြို့မှ သံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးဝေလင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ကမ္ဘောဇရဋ္ဌ သာသနာလင်္ကာရ ကမ္ဘောဇသာမဏေကျော်စာမေးပွဲ ငွေရတုအထိမ်းအမှတ်စာအုပ် ထုတ်ဝေရန်အတွက် စာမူရှင်များဖိတ်ခေါ်

**တောင်ကြီး ဇွန် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရားကိန်းဝပ်စံပျော်ရာ မြို့လယ်မွှောရုံကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများဖြစ်ကြသော တေရသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရွှေကန်ကြီးဆရာတော်၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်ကြီးသိမ်တောင်ဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရုညောင်ရွှေ ရွှေဂူဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့မှ ကြီးမှူး၍ ကမ္ဘောဇသာမဏေကျော်စာမေးပွဲကို (၂၅) ကြိမ်မြောက် ငွေရတုနှစ်အဖြစ်ကျင်းပပြီး အထိမ်းအမှတ်စာအုပ်ကို ထုတ်ဝေမည်ဖြစ်သည်။

စာသင်သားများနှင့် စာသင်တိုက်ကြီးများအကျိုးပြုပုံ၊ သာသနာတော်အဓွန့်ရှည် တည်တံ့ရေးအတွက် အထောက်အကူပြုပုံများ၊ ဆွမ်းဆန်စိမ်းလောင်းလှူပုံ၊ ဆွမ်းဆက်ကပ်ပုံ၊ ဝေယျာဝစ္စပြုလုပ်ဆောင်ရွက်ခြင်းများကြောင့် ကုသိုလ်ပီတိဖြစ်ပွားခဲ့ရပုံများ၊ စာမေးပွဲဖြေဆိုခဲ့ပုံ အမှတ်တရ၊ အောင်စာရင်းထွက်ချိန်အမှတ်တရနှင့် အောင်ဆုယူစဉ်အမှတ်တရတို့ပါဝင်သော ကဗျာ၊ အက်ဆေး၊ တေးထပ်စာမူ၊ ရတုများ၊ ဆောင်းပါး၊ ဝတ္ထုများ ရေးသားပေးပို့နိုင်သည်။

စာမူများကို ဩဂုတ် ၁၃ ရက်နောက်ဆုံးထား၍ စာအုပ်ဖြစ်မြောက်ရေး သံဃာတော်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာတိက္ခလင်္ကာရာဘိဝံသ၊ ဖုန်းနံပါတ် ၀၉-၅၂၁၅၂၈၃၊ အတွင်းရေးမှူး ဆရာတော်ဘဒ္ဒန္တပဏ္ဍိတာလင်္ကာရ၊ ဖုန်းနံပါတ် ၀၉-၇၇၉၅၆၅၆၄၁၊ စာအုပ်ဖြစ်မြောက်ရေးတာဝန်ခံဆရာတော် ဘဒ္ဒန္တစန္ဒိမာလင်္ကာရ (ဘုန်းရွှေကြာ)၊ ဖုန်းနံပါတ် ၀၉-၇၈၇၈၇၈၃၇၅ တို့ထံ လူကိုယ်တိုင်ဖြစ်စေ၊ Viber ဖြစ်စေ၊ တောင်ကြီးမြို့လယ်မွှောရုံ၏ facebook page Messenger သို့ဖြစ်စေ ပေးပို့နိုင်ကြောင်း သိရသည်။

(၀၅၃)

## အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေး ကျင်းပ

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့နံနက်ပိုင်း က မန္တလေးမြို့ ၅၃ လမ်းနှင့် ၃၂ လမ်းထောင့်၊ Ceremon Grand Ballroom တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ နာယက




ဦးတင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။ အခမ်းအနားသို့ အသင်းမှ တာဝန်ရှိသူများ၊ အသင်းဝင်များ၊ အိမ်ခြံမြေကိုယ်စားလှယ်များနှင့် အိမ်ခြံမြေလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်အေးက နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး တော်ဝင်ညီညွတ်သော အိမ်ခြံမြေအသင်း၏ တာဝန်ရှိသူတစ်ဦးက နှုတ်ခွန်းဆက်အမှာ စကားပြောကြားခဲ့သည်။

"အောက်ပြည်မှာဆိုရင် ရန်ကုန်၊ အထက်မြန်မာပြည်မှာဆိုရင် မန္တလေးပေါ့၊ ဒီလို ပေါင်းကူးတဲ့အတွက် ကျွန်တော်တို့အိမ်ခြံမြေအချိတ်အဆက်တွေ ပိုကောင်းမွန် ကျယ်ဝန်းလာတဲ့အတွက် လုပ်ကိုင်ရတာပိုပြီးတော့ ကောင်းမွန်ပြီးတော့ နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူတွေရဲ့အကျိုး၊ အသင်းသူအသင်းသားတွေရဲ့အကျိုးကျေးဇူးတွေရရှိခြင်းဖြစ်ပါတယ်။ အိမ်ခြံမြေလုပ်ငန်းကို ထဲထဲဝင်ဝင်လုပ်ကိုင်မယ်ဆိုရင် အိမ်ခြံမြေအသင်းတစ်သင်းကိုဝင်ရောက်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်သင့်ပါတယ်။ ဒါမှ အိမ်ခြံမြေအသင်းတွေကပို့ချတဲ့ သင်တန်းတွေကို အခမဲ့တက်ရောက်နိုင်ပြီးတော့ အိမ်ခြံမြေနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်း၊ ဥပဒေတွေကို သိရှိနားလည်၊ အမှားအယွင်းနည်းတဲ့ အိမ်ခြံမြေ အကျိုးဆောင်ကောင်းတစ်ယောက်ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်ဟု" မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုဥက္ကဋ္ဌ-၂ ကိုရန်အောင်က ပြောသည်။

ထို့နောက် အသင်း၏ဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်နှင့် ရည်ရွယ်ချက်များ၏ အစီရင်ခံစာများဖတ်ကြားခြင်း၊ စတုတ္ထအကြိမ်အတွက် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့အား တာဝန်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် အသင်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို အသင်းဝင်များနှင့်အတူ ကျင်းပခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်အဖွဲ့ဝင်များ ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိ

မော်စကို ဇွန် ၂၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor SERGEYENKO နှင့် ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin တို့၏ ဖိတ်ကြားချက်အရ 2nd International Forum of the Union State "Great Heritage – Common Future" ဖိုရမ်သို့တက်ရောက်ရန် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၉ ရက် နံနက် ၇ နာရီ၃၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ ရုရှားနိုင်ငံ မော်စကိုမြို့ Sheremetyevo International Airport သို့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ရုရှားနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Valerievich Kara-ool နှင့် တာဝန်ရှိသူများ၊ ဘယ်လာရုစ်နိုင်ငံ လွှတ်တော်မှ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် သံရုံးဝန်ထမ်းများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် လေဆိပ် သီးသန့်နားနေခန်းတွင် မြန်မာ - ရုရှား - ဘယ်လာရုစ် နိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ချစ်ကြည်ရေးအသင်းများ ဖွဲ့စည်း၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ရုရှားနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Valerievich Kara-ool တို့ တွေ့ဆုံဆွေးနွေးစဉ်။

---

☆ ရှေ့ဖုံးမှ

ကလေး - တမူး လမ်းကြောင်းအား အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီချီတက်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းများသည် ဇွန် ၇ ရက်တွင် ကလေး - တမူး လမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အရှေ့ခုံသာကျေးရွာ၊ ၅၆ မိုင်ကျေးရွာ၊ ၅၅ မိုင် ကျေးရွာတို့အား လည်းကောင်း၊ အလားတူ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းများသည် နန်းမွတ်တားကျေးရွာ၊ ရန်လင်းပိုင်ကျေးရွာနှင့် ငှင်းကျေးရွာအနီး နှစ်နိုင်ငံနယ်စပ်ရှိ အကြမ်းဖက်သမားများအခြေချနေထိုင်သည့်စခန်းတို့အား လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ရာဇဗြိုဟ်ကျေးရွာနှင့် ရာဇဗြိုဟ် ရေလှောင်တမံတို့အား လည်းကောင်း၊ ဇွန် ၁၅ ရက်တွင် ရန်မျိုးအောင်ကျေးရွာအား လည်းကောင်း၊ ဇွန် ၁၆ ရက်တွင် စော်ဘွားရေရှင်ကျေးရွာအား လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ကျွန်းတောရေရှင်ကျေးရွာအား လည်းကောင်း သိမ်းပိုက်ရရှိခဲ့ပြီး ဖြစ်သည်။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေး - တမူး လမ်းကြောင်းပေါ်ရှိ မြန်မာ - အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါအချက်အချာကျသည့် ခါမ်းပါတ်မြို့အား ပြန်လည်သိမ်းပိုက်ရရှိမှု။



တပ်မတော်စစ်ကြောင်းများက ကလေး- တမူးလမ်းကြောင်းပေါ်ရှိ မြန်မာ - အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် ဆက်သွယ်ရေးအရ အရေးပါသည့် ခါမ်းပါတ်မြို့အား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

## ပြန်လည်သိမ်းပိုက်ထိန်းချုပ်

တပ်မတော် စစ်ကြောင်းများသည် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းများသည် ဇွန် ၁၉ ရက်တွင် ခွန်နိုင်းကျေးရွာနှင့် နန်းခေါက်ခေါက်ကျေးရွာတို့အား လည်းကောင်း၊ ယနေ့တွင် နန်းကတိတ်ကျေးရွာနှင့် ခါမ်းပါတ်မြို့အား လည်းကောင်း အောင်မြင်စွာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် မြို့၏မြောက်ဘက်သို့ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် အဆိုပါပတ်ဝန်းကျင်တစ်ဝိုက်အားလိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို အသေးစိတ် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ သိမ်းပိုက်ရရှိခဲ့သော ခါမ်းပါတ်မြို့သည် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွင်း ပါဝင်သည့် မြို့နယ်ခွဲတစ်ခုဖြစ်ပြီး အိန္ဒိယနယ်စပ်အနီး၌ တည်ရှိသောကြောင့် ကလေး - တမူး လမ်းကြောင်းပေါ်ရှိ နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးအတွက် အရေးပါသော မြို့တစ်မြို့ဖြစ်သည်။ ခါမ်းပါတ်မြို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ယာယီစိုးမိုး၍ ဒေသခံတိုင်းရင်းသားပြည်သူများအား လူသားတံတိုင်းပြုလုပ်ကာ မြို့အား စစ်စခန်းအဖြစ် အနိုင်အမာခံစစ်ဆင်ခဲ့ရာ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်း ပိတ်ဆို့ခဲ့ရပြီး နှစ်နိုင်ငံကုန်စည်စီးဆင်းမှုမရှိတော့ဘဲ ဒေသခံပြည်သူများ၏ ပို့ကုန်/သွင်းကုန်များ စီးဆင်းမှုလည်း ရပ်တန့်ခဲ့ရသည်။ ထို့ပြင် အကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ရပ်များကြောင့် နယ်စပ်ဒေသလုံခြုံရေး၊ ဒေသစီမံခန့်ခွဲရေးနှင့် ကုန်သွယ်မှု ပြန်လည်လည်ပတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေသဖြင့် အဘက်ဘက်မှ များစွာနစ်နာဆုံးရှုံးခဲ့ရသည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ခါမ်းပတ်မြို့အပါအဝင် အဆိုပါဒေသရှိ မြို့/ရွာများအား ယာယီစိုးမိုးထားစဉ်အတွင်း အများပြည်သူသွားလာ အသုံးပြုလျက်ရှိသည့် လမ်း/တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ လမ်းကြောင်းတစ်လျှောက် သွားလာနေကြသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွား ယာဉ်များအား ဆက်ကြေးများကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်းများ စသည့် အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့်အပြင် ပြည်သူလူထု၏ နေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအတွင်း သဲအိတ်များစီ၍ ဘန်ကာများ ပြုလုပ်ထားခြင်း၊ မြို့/ရွာများအတွင်း မိုင်းများထောင်ခြင်း၊ ခြံဝင်းများအတွင်း ခံစစ်ပစ်ကျင်းများ တူးဖော်၍ အနိုင်အမာခံစစ်ဆင်ကာ စစ်စခန်းများအဖြစ် အသုံးချထားသည်ကို တွေ့ရှိရသည်။

ယခုအခါတပ်မတော်စစ်ကြောင်းများသည် ခါမ်းပါတ်မြို့အပါအဝင် ပြန်လည် သိမ်းပိုက်ထိန်းချုပ်ထားသည့်မြို့/ရွာများ၌ ဒေသခံပြည်သူများ အမြန်ဆုံးပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက်အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းတံတားများပြုပြင်ခြင်းနှင့် မိုင်းရှင်းလင်းခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကလေး - တမူး လမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

---

# အိမ်ခြံမြေဝယ်ယူရာတွင် စိစစ်သုံးသပ်၍ ဝယ်ယူကြရန် အကြံပြု

မန္တလေး ဇွန် ၂၀

အိမ်ခြံမြေဝယ်ယူရာတွင် လောဘစိတ်ဖြင့် အလျင်စလို ဆုံးဖြတ်၍ ဝယ်ယူခြင်းမပြုဘဲ စာရွက်စာတမ်းများ၊ မြေအမျိုးအစားနှင့် မြေကွက်တည်ရှိမှုအခြေအနေတို့ကို စနစ်တကျ စိစစ်သုံးသပ်ပြီးမှ ဝယ်ယူသင့်ကြောင်း ကိုရန်အောင် အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ တည်ထောင်သူ ဦးရန်အောင်က အကြံပြုပြောကြားသည်။

"အိမ်ခြံမြေဝယ်ယူတဲ့အခါ ဈေးသက်သာတာ၊ အမြတ်မြန်မြန်ရမယ်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ လောဘစိတ်ဝင်ပြီး အလျင်စလို မဝယ်သင့်ပါဘူး။ စာရွက်စာတမ်းတွေကို သေချာစိစစ်ဖို့၊ မြေအမျိုးအစားကို နားလည်ဖို့နဲ့ ကိုယ်တိုင်ကွင်းဆင်းလေ့လာဖို့ လိုအပ်ပါတယ်။ အချက်အလက်ပြည့်စုံမှသာ လုံခြုံစိတ်ချရတဲ့ ရင်းနှီးမြှုပ်နှံမှု ဖြစ်လာမှာပါ"ဟု ၎င်းက ပြောကြားသည်။

အိမ်ခြံမြေတစ်ကွက်ကို ဝယ်ယူရန် မဆုံးဖြတ်မီ ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းများ ခိုင်မာမှန်ကန်မှုရှိ၊ မရှိကို သက်ဆိုင်ရာဌာနများတွင် သေချာစွာ စိစစ်ရန်လိုအပ်ကြောင်း၊ အငြင်းပွားဖွယ်ကိစ္စများ ကင်းရှင်းစေရေးအတွက် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်သင့်ကြောင်း သိရသည်။

ထို့ပြင် ဝယ်ယူမည့်မြေသည် ဘိုးဘွားပိုင်မြေ၊ ဂရန်မြေ စသည့် မည်သည့်မြေအမျိုးအစားဖြစ်သည်ကို ရှင်းလင်းစွာ သိရှိထားရန် လိုအပ်ပြီး မိမိအသုံးပြုမည့် ရည်ရွယ်ချက်နှင့်ကိုက်ညီမှုရှိ၊ မရှိကိုလည်း ကြိုတင်လေ့လာသင့်ကြောင်း အကြံပြုထားသည်။

ထို့အတူ မြေကွက်တည်နေရာကို ကိုယ်တိုင်ကွင်းဆင်းကြည့်ရှု၍ မြေပုံပါ အချက်အလက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ ရေ၊ မီး ရရှိနိုင်မှုနှင့် ပတ်ဝန်းကျင်အခြေအနေများကို သေချာစွာ စိစစ်သင့်သည်။

အိမ်ခြံမြေဝယ်ယူခြင်းသည် ရေရှည်ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သဖြင့် အကျိုးအမြတ်ကိုသာ ဦးစားပေးမကြည့်ဘဲ လိုအပ်သည့် အချက်အလက်များကို ပြည့်စုံစွာ စိစစ်သုံးသပ်ပြီးမှ ဝယ်ယူသင့်ကြောင်း ဦးရန်အောင်က အကြံပြုပြောကြားခဲ့သည်။

(မန္တလေးနေ့စဉ်-ရ)

ဝ-ဝ-ဝ-ဝ-ဝ



# အေးအတူ ပူအမျှ အသိုက်အဝန်း၏ တောက်ပသည့်အနာဂတ်သို့ ဦးတည်

သိဃ်သူ

*(ယမန်နေ့မှ အဆက်)*

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန် ၁၉ ရက်တွင် ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့ရှိ နည်းပညာမြင့်စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာကြရာ ဦးစွာ Zhejiang Leapmotor Technology Co., Ltd. သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာကျူးကျန်းမင်းနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ Zhejiang Leapmotor Technology Co., Ltd. သည် လျှပ်စစ်ကား(EV) များ အဓိကထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ ကုမ္ပဏီကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ရာ ကုမ္ပဏီသက်တမ်းမှာ ဆယ်စုနှစ်တစ်ခု စွန်းရုံမျှသာ ရှိသေးသည်။ တည်ထောင်ပြီး သုံးနှစ်ကျော်ခန့်အကြာ ၂၀၁၉ ခုနှစ်တွင် Leapmotor ၏ ပထမဆုံးထုတ်ကုန်ဖြစ်သော Leapmotor S01 လျှပ်စစ်တံခါးနှစ်ပေါက်ကား တရုတ်ဈေးကွက်သို့ စတင်ဝင်ရောက်နိုင်သည်။ နောက်နှစ် ၂၀၂၀ ပြည့်နှစ် မေလတွင် ဒုတိယမြောက် EV ဖြစ်သည့် Leapmotor T03 လျှပ်စစ်မြို့ပြမော်တော်ကား (electric city car) ကို ထပ်မံမိတ်ဆက်ခဲ့သည်။

Leapmotor မှ ကနဦး စတင်ထွက်ပေါ်လာသည့် S01 သည် အောင်မြင်မှုမရခဲ့။ ထိုစဉ်က ဈေးကွက်အတွင်းမှ လူကြိုက်များလျက်ရှိသည့် အခြားပြိုင်ဘက်များကို မယှဉ်နိုင်ခြင်းနှင့် ဈေးကွက်အတွေ့အကြုံအားနည်းချက်များကြောင့် S01 မှာ အခြေအနေဆိုးခဲ့ရသည်။ သို့ရာတွင် နောက်တစ်နှစ်တွင် Leapmotor က ထုတ်လုပ်သည့် T03 Electric City Car မှာမူ အလွန်အောင်မြင်ပြီး အရောင်းရဆုံးဖြစ်ခဲ့သည်။ မြို့တွင်းသုံး လျှပ်စစ်ကားငယ် (Micro EV) ကလေးဖြစ်သည့် T03 သည် တရုတ်နိုင်ငံတွင် သာမက ဥရောပနှင့် နိုင်ငံတကာဈေးကွက်များအထိပါ ထိုးဖောက်အောင်မြင်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့အကြီးဆုံး ကားကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Stellantis က Leapmotor ၏ ရှယ်ယာ ၂၀ ရာခိုင်နှုန်းကိုဝယ်ယူပြီး ၂၀၂၄ ခုနှစ်တွင် ဥရောပနိုင်ငံများ၌ Leapmotor ကားများကို စတင်ရောင်းချခဲ့ရာ ယခုနှစ်အစပိုင်းစာရင်းများအရ ရောင်းအား ၆၇၇ ရာခိုင်နှုန်းအထိ ခုန်တက်သွားသည်ဟု သိရသည်။ လက်ရှိအချိန်တွင် Leapmotor သည် နည်းပညာအသစ်များဖြင့် T03, C10, C16 စသည့် နာမည်ကြီးမော်ဒယ်လ်များ ထုတ်လုပ်ကာ တရုတ်ပြည်တွင်းမှ သာမက ကမ္ဘာ့ဈေးကွက်တွင်ပါ အောင်မြင်သော ထိပ်တန်း EV ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နေသည်။




တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ်။

လေ့လာမှုများအပြီးတွင် Zhejiang Leapmotor Technology Co., Ltd. ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Zhejiang Qingshi New Material Technology Co., Ltd. သို့ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ တုကော်ဖျင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါကုမ္ပဏီသည် နည်းပညာအခြေပြု ပုဂ္ဂလိကလုပ်ငန်းတစ်ခုဖြစ်ပြီး အရည်အသွေးမြင့် ဝါးချည်မျှင်၊ ဝါးချည်မျှင် ရောစပ်ထားသောချည်များ၊ အထည်အလိပ်များကို ထုတ်လုပ်လျက်ရှိသည်။ ဝါးမှ ချည်မျှင်ထုတ်လုပ်ရာတွင် အမျိုးအစားကောင်းသည့် ဝါးပင်များကို သုတေသနပြုရွေးချယ်၍ ရူပဗေဒနည်းပညာဖြင့် ဝါးချည်မျှင်ရရှိအောင် အဆင့်ဆင့်ထုတ်လုပ်ခြင်းဖြစ်သည်ဟု သိရသည်။ ဝါးချည်မျှင်ကို အခြားချည်မျှင်အမျိုးမျိုးနှင့် အချိုးကျရောစပ်ချည်များ၊ အထည်အလိပ်များ၊ အဝတ်အထည်များ ထုတ်လုပ်ပြီး ဝယ်ယူသူများ မှာယူလိုသည့် လိုအပ်ချက်များနှင့်အညီလည်း အထူးပြုလုပ် ထုတ်လုပ်ပေးလျက်ရှိသည်ဟု သိရသည်။ ၂၀၂၅ ခုနှစ်တွင် ဗက်တီးရီးယားပိုးသတ်နှုန်း ၉၉ ဒသမ ၂ ရာခိုင်နှုန်းရှိသည့် ဝါးချည်မျှင်တန်ချိန် ၁၈၀၀၀ ထုတ်လုပ်နိုင်ခဲ့သည်။ ဝါးချည်မျှင်နှင့် အထည်ထုတ်လုပ်သည့် စက်ရုံများကို ဝါးများ အများအပြားပေါက်ရောက်သည့် ဖူးကျန့်ပြည်နယ် နန်ပင်းမြို့တွင် တည်ထားသည်ဟု သိရသည်။

နိုင်ငံတော်သမ္မတသည် ဝါးချည်မျှင်ထုတ်လုပ်သည့်စက်ဖြင့် ဝါးချည်မျှင်များ ထုတ်လုပ်ထားမှု၊ ဝါးချည်မျှင်နှင့် အခြားချည်မျှင်များ ရောနှောပေါင်းစပ်မှု၊ ချည်မျှင်ရရှိလာမှုအဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုလေ့လာခဲ့ပြီး ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် Unitree Robotics Co.,Ltd. သို့ လေ့လာရေးခရီး ဆက်ကြသည်။ ခရီးစဉ်၏ နောက်ဆုံးနေ့ဖြစ်သည့်အလျောက် ပြန်လည်မထွက်ခွာမီ အချိန်ရသရွေ့ လေ့လာနိုင်သမျှ လေ့လာကြခြင်းသည် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေရန် ဖြစ်သည်။

Unitree Robotics Co.,Ltd. သို့မဟုတ် Yushu Technology Co.,Ltd.သည် ဟန်ကျိုးမြို့တွင် ရုံးချုပ်ရှိသော ကမ္ဘာကျော် ပုဂ္ဂလိက စက်ရုပ်ကုမ္ပဏီတစ်ခု ဖြစ်သည်။ ကုမ္ပဏီကို ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စွမ်းဆောင်ရည်မြင့်တိရစ္ဆာန်ပုံသဏ္ဌာန်စက်ရုပ်(quadruped robots)၊ လူသားပုံသဏ္ဌာန်စက်ရုပ် (humanoid robots) နှင့် အသိဉာဏ်တုနည်းပညာသုံး မော်ဒယ်(AI model) များ သုတေသနပြု ထုတ်လုပ်ရောင်းချလျက်ရှိသည်။

စာမျက်နှာ ၅ သို့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Unitree Robotics Co., Ltd. ၌ စက်ရုံမှ ထုတ်လုပ်ထားသည့် နေအိမ်ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသည့် စက်ရုပ်သရုပ်ပြသခြင်းကို ကြည့်ရှုလေ့လာစဉ်။

- နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ် ဦးတည်လျက် ခရီးစဉ်အတွင်း တရုတ်နှင့် မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်နိုင်ခဲ့သည်။ စီးပွားရေး၊ အာကာသနည်းပညာနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မြှင့်တင်နိုင်ခဲ့
- ခရီးစဉ်အတွင်း တရုတ်-မြန်မာ “ဆွေမျိုးပေါက်ဖော်” ချစ်ကြည်ရေးကို ပိုမိုခိုင်မြဲစေရန်၊ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေး ပိုမိုခိုင်မာလေးနက်မှုရှိစေရန် ကိစ္စရပ်များအပေါ် အရေးကြီးသော သဘောတူညီချက်များ ရရှိခဲ့

စာမျက်နှာ ၄ မှ

Unitree ၏ စွမ်းဆောင်ရည်မြင့် တိရစ္ဆာန်ပုံသဏ္ဌာန်စက်ရုပ် (quadruped robots)များကို လက်လီရောင်းချလျက်ရှိရာ နှစ်စဉ် ကမ္ဘာ့ဈေးကွက်ကို ဦးဆောင်လျက်ရှိသည်။ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူသားပုံသဏ္ဌာန် စက်ရုပ်ဈေးကွက်၏ သုံးပုံတစ်ပုံကို ရရှိထားသည်ဟု သိရသည်။

Unitree သည် လွတ်လပ်သော သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစုဖြစ်သည်။ နည်းပညာဆန်းသစ်တီထွင်မှုကို အထူးအလေးပေးပြီး အသိဉာဏ်တု (AI) နည်းပညာများ၊ ရွေ့လျားမှု ထိန်းချုပ်မှု အယ်လ်ဂိုရစ်သမ်များအပါအဝင် အဓိကအစိတ်အပိုင်းအားလုံးကို တရုတ်ပြည်တွင်း၌ပင် ရာနှုန်းပြည့် တီထွင်ထုတ်လုပ်ခြင်းဖြစ်သည်။ Unitree ၏ တီထွင်မှုများမှာ ပြည်တွင်းနှင့် နိုင်ငံတကာမူပိုင်ခွင့်လျှောက်လွှာ ၂၀၀ ကျော် တင်သွင်းထားပြီး မူပိုင်ခွင့် ၁၈၀ ကျော် ရရှိထားပြီးဖြစ်သည်ဟု သိရသည်။

နိုင်ငံတော်သမ္မတသည် စက်ရုပ်များ၊ စက်ရုပ်အစိတ်အပိုင်းများ ထုတ်လုပ်ထားမှု၊ စွမ်းဆောင်ရည်မြင့် စက်ရုပ်များ၏ လူသားတစ်ဦးအသွင်လှုပ်ရှားသွားလာခြင်း၊ သဘာဝဘေးအန္တရာယ်များတွင် အသုံးပြုခြင်း၊ မြန်မာ၊ တရုတ်ရိုးရာအကများ ကပြခြင်း၊ လက်ဖွဲ့ထိုးသရုပ်ပြခြင်း၊ စက်ရုံ၊ အလုပ်ရုံ၊ နေအိမ်များတွင် ဝန်ဆောင်မှုလုပ်ငန်းများ၌ အသုံးပြုခြင်းတို့ကို လုပ်ဆောင်ပြသမှုများအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုပြီး သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် Unitree ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ စက်ရုပ်တစ်ရုပ် ဂါရဝပြုပေးအပ်ရာ နိုင်ငံတော်သမ္မတက အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၉ ရက် မွန်းလွဲပိုင်းတွင် ဟန်ကျိုးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ကျဲ့ကျန်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့အပြင် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များအလိုက်မှ တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူ သားငယ်၊ သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ တရုတ်အကအလှအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ လေဆိပ်လေယာဉ်အဆင်းမှ VIP ဆောင်အထိလည်းကောင်း၊ တပ်မတော်လေဆိပ်အဝင်လမ်းတစ်လျှောက်တွင်လည်းကောင်း နှစ်နိုင်ငံချစ်ကြည်ရေးစာတန်းများကိုင်ဆောင်၍ မြန်မာနှင့် တရုတ် အလံငယ်များ ဝှေ့ယမ်းကာ နှစ်နိုင်ငံချစ်ကြည်ရေး ကြွေးကြော်သံများ ကြွေးကြော်၍ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Unitree Robotics Co., Ltd. ၌ စက်ရုံမှ ထုတ်လုပ်ထားသော စွမ်းဆောင်ရည်မြင့် အသိဉာဏ်တုနည်းပညာသုံးမော်ဒယ်လ် အသုံးပြုထားသည့် လူသားပုံသဏ္ဌာန်စက်ရုပ်များ၏ စွမ်းရည်ပြသမှုကို ကြည့်ရှုလေ့လာစဉ်။

◆ **မိမိတို့နိုင်ငံသည် ရေခံ၊ မြေခံ ကောင်းသည့်နိုင်ငံ၊ သဘာဝတရားက မျက်နှာသာပေးထားသည့် နိုင်ငံ၊ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးတို့တွင်ပါ အရေးပါ အရာရောက်နေသည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် မျက်နှာသာပေးမှုများ၊ အရေးပါမှုများ၏နောက်တွင် စိန်ခေါ်မှုများကလည်းရှိနေသည်။ သဘာဝအတိုင်းရလာသည့် အခွင့်အလမ်းများကို ရအောင်ယူနိုင်ရန်မှာ မိမိတို့တွင် စည်းလုံးညီညွတ်မှု၊ တိုင်းပြုပြည်ပြု စိတ်ဓာတ်ကောင်းများရှိမှု၊ ဉာဏ်ပညာပြည့်ဝမှု၊ ဇွဲ လုံ့လ ဝီရိယရှိမှုတို့နှင့်အတူ ဖွံ့ဖြိုးတိုးတက်လိုသည့် အလိုဆန္ဒလည်း အဓိပတိ တင်နေဖို့လို**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ် ဦးတည်လျက် ခရီးစဉ်အတွင်း တရုတ်နှင့် မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်နိုင်ခဲ့သည်။ စီးပွားရေး၊ အာကာသနည်းပညာနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မြှင့်တင်နိုင်ခဲ့သည်။

ခရီးစဉ်အတွင်း တရုတ်-မြန်မာ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးကို ပိုမိုခိုင်မြဲစေရန်၊ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေး ပိုမိုခိုင်မာလေးနက်မှုရှိစေရန် ကိစ္စရပ်များအပေါ် အရေးကြီးသော သဘောတူညီချက်များ ရရှိခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် သမ္မတ ရှီကျင့်ဖျင်၏ လူသားမျိုးနွယ်စုတစ်ရပ်လုံးအတွက် အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်ရေးအဆိုပြုချက်များနှင့် ကမ္ဘာလုံးဆိုင်ရာအစီအမံ (၄)ရပ်တို့အပေါ် အလေးအနက်တန်ဖိုးထားပြီး အဆိုပါမူဘောင်များသည် လူသားမျိုးနွယ်တစ်ရပ်လုံး၏ ဘုံအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တိုးတက်ဖြစ်ထွန်းမှုတို့ကို သိသာထင်ရှားစွာ အထောက်အကူပြုကြောင်း မှတ်တမ်းတင်အသိအမှတ်ပြုခဲ့သည်။ လူသားမျိုးနွယ်စုတစ်ရပ်လုံးအတွက် အဆိုပြုချက်များနှင့် အစီအမံများသည် ကေဝင်ရိုးကမ္ဘာ အခင်းအကျင်းများ ယိုယွင်းပျက်စီးပြီး ဗဟုဝင်ရိုးကမ္ဘာ အခင်းအကျင်းတွင် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်အတွက် စံနှုန်းအသစ်များ၊ တန်ဖိုးအသစ်များ၊ အိုင်ဒီယာအသစ်များဖြစ်လာမည်ဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် ရေရှည်တွင် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ တရားနှင့်အညီ ရသင့်ရထိုက်သည့်နေရာနှင့် ဂုဏ်သိက္ခာတို့ကို ရရှိလာမည်ဖြစ်သည်။ လက်ရှိအနေအထားတွင်လည်း တရုတ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် အာဆီယံတွင် မြန်မာနိုင်ငံဘက်မှ အပြည့်အဝရပ်တည်ပေးလျက်ရှိကြောင်းကိုလည်း ထပ်မံအတည်ပြုခဲ့သည်။



Zhejiang Leapmotor Technology Co., Ltd. ၌ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကို မြင်တွေ့ရစဉ်။

တရုတ်-မြန်မာ နှစ်နိုင်ငံစလုံးက နှစ်ဖက်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ အထောက်အကူပြုရေး ကဏ္ဍအသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန်၊ နှစ်ဖက်သဘောတူညီထားသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများမှတစ်ဆင့် တရုတ်နိုင်ငံက ဆက်လက်ပံ့ပိုးကူညီသွားရန် စသည်တို့ အပါအဝင် သဘောတူညီချက်များက နိုင်ငံနှင့်ပြည်သူတို့အတွက် အကျိုးရလဒ်များစွာ တိုးတက်ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ အချုပ်အားဖြင့် ဆိုရလျှင် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit)မှာ နိုင်ငံနှင့် ပြည်သူတို့အတွက် အကျိုးစီးပွားများစွာ ဆောင်ကြဉ်းလာနိုင်သော အောင်မြင်သည့်ခရီးစဉ်ပင် ဖြစ်သည်။

ကမ္ဘာ့ထိပ်တန်း နိုင်ငံကြီးတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာပြီဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အောင်မြင်မှုများမှ မိမိတို့အနေဖြင့် သင်ယူစရာ များစွာရှိနေသည်။ အတွေးအခေါ်၊ အယူအဆတစ်ရပ်ကို အသေစွဲကိုင်မထားဘဲ နိုင်ငံနှင့်ပြည်သူကောင်းကျိုးချမ်းသာဖြစ်ထွန်းရေးသို့ ဦးတည်ခဲ့ခြင်း၊ အသိပညာ၊ အတတ်ပညာ၊ ဉာဏ်ပညာတို့ကို စုဆောင်းကာ နိုင်ငံကို ခေတ်မီအောင် တည်ဆောက်ခဲ့ခြင်း၊ အတိတ်ကို သင်ခန်းစာယူကာ အပေါင်းလက္ခဏာဆောင်သော အကောင်းမြင်စိတ်ဓာတ်ဖြင့် ရှေ့သို့သာ ရှုမျှော်လုပ်ကိုင်ကြခြင်း၊ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုနောက်တွင် ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ လိုက်ပါဆောင်ရွက်ခဲ့ကြခြင်း၊ ဇွဲ လုံ့လ ဝီရိယဖြင့် စိတ်အားထက်သန်စွာ အလုပ်လုပ်ကြခြင်း၊ သုတေသနနှင့် တီထွင်မှုများကို တစိုက်မတ်မတ် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ကြခြင်း စသည့် စံနမူနာယူဖွယ်များစွာတို့ကို မိမိတို့ အတုယူနိုင်ကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ရေခံ၊ မြေခံ ကောင်းသည့်နိုင်ငံ၊ သဘာဝတရားက မျက်နှာသာပေးထားသည့်နိုင်ငံ၊ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးတို့တွင်ပါ အရေးပါ အရာရောက်နေသည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် မျက်နှာသာပေးမှုများ၊ အရေးပါမှုများ၏ နောက်တွင် စိန်ခေါ်မှုများကလည်း ရှိနေသည်။ သဘာဝအတိုင်းရလာသည့် အခွင့်အလမ်းများကို ရအောင်ယူနိုင်ရန်မှာ မိမိတို့တွင် စည်းလုံးညီညွတ်မှု၊ တိုင်းပြုပြည်ပြု စိတ်ဓာတ်ကောင်းများရှိမှု၊ ဉာဏ်ပညာပြည့်ဝမှု၊ ဇွဲ လုံ့လ ဝီရိယရှိမှုတို့နှင့်အတူ ဖွံ့ဖြိုးတိုးတက်လိုသည့် အလိုဆန္ဒလည်း အဓိပတိ တင်နေဖို့လိုသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် သယံဇာတအရင်းအမြစ်အားလုံးထက် လူသားအရင်းအမြစ်ကသာလျှင် အဓိကဖြစ်ရာ မိမိတို့အားလုံး တစည်းတလုံးသော အင်အားကိုစုစည်းကာ နိုင်ငံ့သမိုင်းသစ်ကို ရေးထိုးကြပါစို့ဟူ၍။

## ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး(ထောက်လု)ဖိတ်ခေါ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဇွန် ၂၀**

အားကစားရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး (ထောက်လု) ဖိတ်ခေါ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဗထူးအားကစားရုံ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးကောင်စစ်ဝန်ချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး(ထောက်လု) ဖိတ်ခေါ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)၌ စာသင်ဆောင်များနှင့် အားကစားနှင့်ကာယပညာသိပ္ပံရုံး အသစ်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုပြီး အစည်းအဝေးခန်းမ၌ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ အားကစားကွင်း၌ Football for School အစီအစဉ်ဖြင့် အခြေခံဘောလုံးနည်းစနစ်များ၊ အခြေခံပြေးခုန်ပစ် နည်းစနစ်များနှင့် တိုက်ကွမ်ဒိုအားကစား အခြေခံနည်းစနစ်များ လေ့ကျင့်သင်ကြားပေးမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ရှင်အရဟံနေဝင်သိမ်တော်ရှိ သံဃာတော်အရှင်သူမြတ်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က သွားရောက်၍ အဆိုပါသိမ်တော်ရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၆ ပါး၊ သီလရှင် ၂၁ ပါး၊ ဒေသခံပြည်သူ ၁၂၄ ဦး၊ စုစုပေါင်း ၁၉၁ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၀၃၈)**



## ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက အသက် (၁၈) နှစ်အောက်ကလေးများကို လက်ခံထားသဖြင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပါ အခြေခံအခွင့်အရေးများဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်နှင့် ပညာရေး၊ ကျန်းမာရေးအခွင့်အရေးများ ရရှိရေးဆောင်ရွက်ပေးရန်၊ ကလေးသူငယ်တရားရုံးများက စေလွှတ်လိုက်သည့် ကလေးများဖြစ်သဖြင့် ပတ်ဝန်းကျင်အခြေအနေ၊ အကျင့်စာရိတ္တ၊ ဝါသနာထုံမှုနှင့် ပေါင်းသင်းဆက်ဆံမှုများကိုအခြေခံပြီး လိုအပ်သော စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ရှိလာအောင် လူမှုဝန်ထမ်းနည်းစနစ်များဖြင့် ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာ့ဂီတနေ့အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲကျင်းပ

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးက ဦးဆောင်ကျင်းပသော သီချင်းဆိုပြိုင်ပွဲ ပထမအဆင့်ကို ဇွန် ၁၇ရက်က မန္တလေး-ပြင်ဦးလွင်ကားလမ်းအထွက် မန်းမြင့်မိုရ်ဟိန်းဆောက်လုပ်ရေးကုမ္ပဏီရုံးခန်းမဆောင်၌ ကျင်းပသည်။

သီချင်းဆိုပြိုင်ပွဲမစမီ မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးဝင် ကိုအောင်ကျော်မင်း(G Cles)ရေးသားသော မြန်မာ့ဂီတနေ့အတွက် ဂုဏ်ပြုသည့် မြန်မာ့ဂီတအစည်းအရုံးရဲ့ပြည်သူများအတွက် တေးသံသာ သီချင်းကို ဂီတမောင်မယ်များက သံပြိုင်သီဆိုကြပြီး သီချင်းဆိုပြိုင်ပွဲ ပထမအဆင့်ကို ဆက်လက်ကျင်းပသည်။

ပထမအဆင့်သီချင်းဆိုပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအဆိုများအတွက် မြန်မာသံသုံးပုဒ်၊ စတူရီယိုတေးသုံးပုဒ်ထဲမှ မိမိကြိုက်နှစ်သက်ရာ တေးသီချင်းတစ်ပုဒ်စီဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဒုတိယအဆင့်ပြိုင်ပွဲကို ဇွန် ၂၄ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့ဂီတနေ့ ကျရောက်သည့် ဇွန်၂၇ရက်တွင် နောက်ဆုံးအဆင့်ပြိုင်ပွဲနှင့်ဆုပေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၃၂)**

## ဥပဒေအရာရှိများအား အရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်

**ကျောက်ဆည် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ဥပဒေရုံး၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများအား ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းများကို ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်ခရိုင်ဥပဒေရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ရာ ကျောက်ဆည်ခရိုင်ဥပဒေအရာရှိ ဦးနန္ဒာအောင်နှင့် ခရိုင်အတွင်းရှိ ဒုတိယခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခရိုင်ဥပဒေအရာရှိက ဥပဒေအရာရှိများအနေဖြင့် ဥပဒေအရာရှိကျင့်ဝတ်များကို ကောင်းစွာသိရှိလိုက်နာခြင်းဖြင့် အများပြည်သူက ယုံကြည်အားကိုးမှုရရှိစေရန် လိုအပ်ကြောင်း၊ ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းဆွေးနွေးခြင်း ဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ လွတ်လပ်မှု၊ ဘက်မလိုက်မှု၊ သိက္ခာသမာဓိရှိမှု၊ ကိုယ်ကျင့်သိက္ခာကောင်းမွန်မှု၊ သာတူညီမျှရှိမှုဟူသည့် တရားစီရင်ရေး၏ အဖိုးတန်စံနှုန်းများကို လိုက်နာတတ်စေရန်နှင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ဥပဒေအရာရှိအချင်းချင်း ထိတွေ့ဆက်ဆံရာတွင် ရာထူးနှင့်လျော်ညီသော အရည်အချင်းရှိပြီး လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သော ကျင့်ဝတ်သိက္ခာစောင့်ထိန်းစေရန် ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံမေးမြန်း ဆွေးနွေးခြင်းအစီအစဉ်သည် ဥပဒေရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာ အစီအစဉ်တစ်ရပ်ဖြစ်သည့်အပြင် ရက်(၁၀၀)အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစီအစဉ်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဒုတိယခရိုင်ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများအား ကျင့်ဝတ်ဆိုင်ရာ မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**သက်မောင်(ကျောက်ဆည်)**




**ပန်းမန်သစ်ပင် လေသန့်စင်၍**

**ဥယျာဉ်တောတန်း**

**စိတ်ရွှင်လန်း၏။**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန၊ စိတ်ကျန်းမာရေးဆေးရုံဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ အသင်းအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်တို့က သတ်မှတ်နေရာများတွင် သစ်ပင်များကို စတင်စိုက်ပျိုးပေးကြပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် သစ်ပင်များကို အတူတကွ တပျော်တပါး စိုက်ပျိုးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ယနေ့ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီ၊ ကျွန်း၊ ပိတောက်၊ ကံ့ကော်၊ မယ်ဇယ်၊ ခရေ၊ ယင်းမာ၊ လင်းလွန်း၊ သဘော်တည်၊ စိန်ပန်းနီ၊ တမာ၊ တပေဘူတ (အပြာ)၊ ကုက္ကို၊ မယ်ဇလီ၊ မန်ကျည်း၊ မန်ဂျန်ရှား၊ တပေဘူတစသည့် သစ်မျိုး (၁၇) မျိုး စုစုပေါင်းအပင်အရေအတွက် ၁၇၄၀ ပင်ကို တက်ရောက်လာကြသူ ၁၇၄၀ ဦးတို့က စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)







# ကျတ္တီးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**သာစည် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကန်သစ်ကျေးရွာအုပ်စု ကျတ္တီးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမင်းက အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သင်းသင်းက ပြည်သူ့စကားဝိုင်း ကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့စကားဝိုင်းကိုစတင်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလွင်မျိုးထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့ဌာနများမှ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ ၎င်းနောက် ကျေးရွာပြည်သူများက ဒေသလိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကန်သစ်ကျေးရွာနှင့် ကျတ္တီးကျေးရွာတို့မှ ပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

(ဓဲပုံ)

(၄၈၇)

၀-၀-၀-၀-၀



စာအုပ်

စာပေ

လူ့မိတ်ဆွေ။

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# ဇီဝဆေးပညာဆိုင်ရာစာရင်းအင်းအလုပ်ရုံ ဆွေးနွေးပွဲ(၂၀၂၆) ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်၊ ဧကရာဇ်ခန်းမတွင် ဇွန် ၁၈ ရက် နံနက် ၈ နာရီခွဲက သုတေသနဌာနနှင့် ဆေးပညာသင်ကြားရေးယူနစ် (MEU)တို့ ကြီးမှူးကျင်းပသော ဇီဝဆေးပညာဆိုင်ရာစာရင်းအင်း အလုပ်ရုံဆွေးနွေးပွဲ အကောင်အထည်ဖော်ဆောင်ရွက်ကာ ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ သိန်းဇော်လင်းက အမှာစကားပြောကြားပြီးနောက် အလုပ်ရုံဆွေးနွေးပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ(သင်ကြား/စီမံ)၊ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ပါမောက္ခ/ဌာနမှူးများ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)မှ ကထိက၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သင်တန်းသား၊ သင်တန်းသူများအဖြစ် တိုင်းရင်းဆေးတက္ကသိုလ်နှင့် ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး(မန္တလေး)၊ နေပြည်တော်၊ ရန်ကုန်မြို့များမှ ဆရာ၊ ဆရာမ ၃၀ ဦးတက်ရောက်ကြပြီး ပို့ချဆွေးနွေးသူ ဆရာကြီး၊ ဆရာမကြီး ရှစ်ဦးတို့က ဇီဝဆေးပညာရပ်ဆိုင်ရာ၊ စာရင်းအင်းပညာနှင့် ပတ်သက်သည့် ခေါင်းစဉ် (၁၀)ခုတို့ကို ၁၈-၆-၂၀၂၆ မှ ၁၉-၆-၂၀၂၆ ရက်အထိ ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်မင်းသော်

၀-၀-၀-၀



## တောင်ကိုရီးယားနိုင်ငံ၏ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်နှစ်ဆင့်မြင့်တက်ကာ စတုတ္ထနေရာသို့ ရောက်ရှိလာ



**ဆိုးလ် ဇွန် ၂၀**

၂၀၂၆ ခုနှစ် စကိုင်းထရက်စ် ဆုပေးပွဲတွင် ချန်ဂီလေဆိပ်ပြီး နောက် ကမ္ဘာ့ဒုတိယအကောင်း ဆုံးအဖြစ် မဲပေးရွေးချယ်ခံခဲ့ရသည့် တောင်ကိုရီးယားနိုင်ငံ၏ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သည် ဗြိတိန်အခြေစိုက် အိုအေဂျီကုမ္ပဏီ၏ ဖွန်လထုတ် နိုင်ငံတကာခရီးသည် သွားလာမှုဆိုင်ရာ အဆင့်သတ်မှတ်ချက်တွင် အဆင့်နှစ်ဆင့် မြင့်တက်ကာ စတုတ္ထနေရာသို့ ရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ လေဆိပ်သည် ခရီးသည်ထိုင်ခုံ ၃ ဒသမ ၅၂ သန်းဖြင့် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ရာခိုင်နှုန်း တိုးတက်လာပြီး လန်ဒန်ဟီးသရိုးလေဆိပ်၊ ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အမ်စတာဒမ်စခစ်ပိုးလ်လေဆိပ်တို့၏ နောက်တွင် ရပ်တည်နေသည်။

ချန်ဂီလေဆိပ်မှာမူ တစ်နှစ်ထက်တစ်နှစ် သယ်ယူပို့ဆောင်နိုင်မှုပမာဏ ၁ ရာခိုင်နှုန်း ကျဆင်းသွားပြီးနောက် အဆိုပါစာရင်း၏ အဆင့်ငါးနေရာတွင် ရှိသည်။

ထိပ်တန်းအဆင့် ၁၀ စာရင်းဝင် ကျန်လေဆိပ်များမှာ ပြင်သစ်နိုင်ငံရှိ ပါရီချားလ်စ်ဒီဂေါလေဆိပ်၊ ဂျာမနီနိုင်ငံရှိ ဖရန့်ဖတ်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ တူရကီနိုင်ငံရှိ အစ္စတန်ဘူလ်လေဆိပ်၊ တရုတ်နိုင်ငံ ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် စပိန်နိုင်ငံရှိ အဒေါလ်ဖိုဆွာရက်ဇ် မက်ဒရစ်-ဘာရာဟတ်စ်လေဆိပ်တို့ ဖြစ်ကြောင်း သိရသည်။ **Mon**

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ



## သုံးနှစ်ခွဲကာလအတွင်း ဂျပန်နိုင်ငံ၏ ဆန်ဈေးနှုန်းများ ပထမဆုံးအကြိမ်အဖြစ် မေလတွင် ပြန်လည်ကျဆင်း

**တိုကျို ဇွန် ၂၀**

ဂျပန်နိုင်ငံတွင် ဆန်ဈေးနှုန်းများသည် သုံးနှစ်ခွဲကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် မေလတွင် ပြန်လည်ကျဆင်းသွားခဲ့ကြောင်း အစိုးရအရာရှိတစ်ဦးက သောကြာနေ့တွင် ပြောကြားခဲ့သည်ဟု စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းမတိုင်မီက အခြေခံစားကုန်ဖြစ်သော ဆန်ဈေးနှုန်းများ အဆမတန်မြင့်တက်ခဲ့ခြင်းကြောင့် အစိုးရအပေါ် ကြီးမားသောဖိအားများ သက်ရောက်ခဲ့သည်။

လွန်ခဲ့သောနှစ်နှစ်ခန့်က ဖြစ်ပွားခဲ့သည့် ငလျင်ကြီးလှုပ်ခတ်နိုင်ခြေ သတိပေးချက်ကြောင့် ပြည်သူများ စိုးရိမ်တကြီး ဝယ်ယူစုဆောင်းခဲ့ကြခြင်းနှင့် ရာသီဥတုပူပြင်းခြင်း အပါအဝင် အကြောင်းရင်းပေါင်းစုံနှင့် ဆက်စပ်နေသော ရိက္ခာထောက်ပံ့မှုဆိုင်ရာ ပြဿနာများကြောင့် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် ဆန်ဈေးနှုန်းများ ထိုးတက်သွားခဲ့ကြောင်း သိရသည်။

**Mon**

## ကင်မရွန်းနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းပြပွဲ ကျင်းပ

**ယောင်ဒီ ဇွန် ၂၀**

ကင်မရွန်းနိုင်ငံ မြို့တော်ယောင်ဒီ၌ (၁၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစီးပွားရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းပြပွဲကို ပြသခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်းရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းထုတ်ကုန်မြှင့်တင်ရေးအတွက် ရည်ရွယ်ပြသခြင်းဖြစ်သည်။

အဆိုပါပြပွဲသည် ဒေသတွင်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် ပြပွဲတွင် ဝင်ရောက်ပြသသည့်လုပ်ငန်းများနှင့် ဝယ်ယူသူများအကြား ဆက်သွယ်မှုကို မြှင့်တင်ပေးကာ အာဖရိကဒေသရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို မြှင့်တင်ရန် ကျင်းပခြင်းဖြစ်ကြောင်း ကင်မရွန်းကုန်သွယ်ရေးဝန်ကြီး လတ်မက်ကလိုရီအန်ဗာဂါအေတန်ဂါနာက ပြောကြားသည်။

နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပသည့် ယင်းပြပွဲတွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ ပြသသူတစ်ထောင်ကို ဆွဲဆောင်ခဲ့ကြောင်း သိရသည်။ ကင်မရွန်းနှင့်ဗဟိုအာဖရိကဒေသတို့တွင် အကြီးဆုံးဖြစ်သည့် ယခုပြပွဲဖြင့် နိုင်ငံ၏ စီးပွားရေးဆိုင်ရာဝန်းကျင်ကို မြှင့်တင်နိုင်မည်ဟုယူဆကြောင်း ၎င်းကပြောကြားသည်။ ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ




## အနောက်ဥရောပ၌ ပြင်းထန်သော အပူလှိုင်းဒဏ်ကို ခံစားနေရ ရက်ပိုင်းအတွင်း အပူချိန်များ ဆက်လက်မြင့်တက်လာနိုင်

**ပဲရစ် ဇွန် ၂၀**

အနောက်ဥရောပဒေသအများစု၌ ပြင်းထန်သော အပူလှိုင်းဒဏ်ကို ခံစားနေရပြီး လာမည့်ရက်ပိုင်းအတွင်း အပူချိန်များ ဆက်လက်မြင့်တက်ကာ အပူချိန်စံချိန်သစ်များ ထပ်မံချိုးဖွယ်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ပြင်သစ်နိုင်ငံတွင် အပူချိန်လွန်ကဲသဖြင့် စာသင်ကျောင်းပေါင်း ရာနှင့်ချီ၍ အပူဒဏ်ကို ရင်ဆိုင်ကျော်လွှားနိုင်ရန် စာသင်ချိန်ဇယားများကို ပြောင်းလဲပြင်ဆင်ခဲ့ရသည်။

ပဲရစ်မြို့တော်၏ အပူချိန်သည် ဇွန်လအတွင်း ပထမဆုံးအကြိမ်အဖြစ် ၄၀ ဒီဂရီစင်တီဂရိတ်အထက်သို့ မြင့်တက်သွားနိုင်သည့် ပြင်းထန်ပြီး ရေရှည်တည်တံ့သော အပူလှိုင်းဒဏ်ကို ကြုံတွေ့ရနိုင်ကြောင်း မိုးလေဝသခန့်မှန်းသူများက သတိပေးထားသည်။

သီတင်းပတ်ကုန်ရက်များတွင် နိုင်ငံ၏အချို့သောဒေသများ၌ မိုးသက်လေပြင်းကျခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် သတိပြုနေထိုင်ကြရန် မိုးလေဝသဌာနအသီးသီးက ကြေညာခဲ့ကြောင်း သိရသည်။ **Mon**

## အိတ်ချ်ဖိုက်အင်န်ဝမ်းတုပ်ကွေးပိုင်းရပ်စ်မျိုးကွဲကို ပထမဆုံးအကြိမ် တွေ့ရသည်ဟု ဩစတြေးလျ အတည်ပြု

**ကင်ဘာရာ ဇွန် ၂၀**

မိမိတို့နိုင်ငံတွင် အိတ်ချ်ဖိုက်အင်န်ဝမ်းတုပ်ကွေးဗိုင်းရပ်စ်မျိုးကွဲကို ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိရသည်ဟု ဩစတြေးလျ စိုက်ပျိုးရေးဝန်ကြီးဌာနက အတည်ပြုလိုက်ကြောင်း သိရသည်။

အဆိုပါရောဂါပိုးကို ဝေးလံခေါင်သီသော အနောက်ဩစတြေးလျဒေသရှိ ရွှေ့ပြောင်းရေပျံငှက်တစ်ကောင်ဖြစ်သည့် စကူဝါညို ငှက်တစ်ကောင်တွင် တွေ့ရှိခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီး ဂျူလီကောလင်းစ်က ရှင်းလင်းပြောကြားသည်။

ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ အဆိုပါငှက်ကို ပါ့သ်မြို့၏ အရှေ့တောင်ဘက် ၇၀၀ ကီလိုမီတာခန့် (၄၃၄ မိုင်ခန့်) အကွာရှိ အက်စပါရန့်စ်မြို့အနီး ကိပ်လီဂရန်းအမျိုးသားဥယျာဉ်ရှိ ကမ်းခြေတစ်ခုတွင် တွေ့ရှိခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံသည် ယခင်က ကမ္ဘာပေါ်တွင် ထိုငှက်တုပ်ကွေးဗိုင်းရပ်စ်မျိုးကွဲ လုံးဝမတွေ့ရှိရသေးသည့် တစ်ခုတည်းသော တိုက်ဖြစ်ခဲ့ကြောင်း သိရသည်။ **Mon**

STOP AIDS

## အရည်အသွေးမြင့် သွင်းကုန်များအတွက် တရုတ်လမ်းဖွင့်ပေး ကမ္ဘာ့ဈေးကွက်အဖြစ်သို့ ကူးပြောင်းမှု ပိုမိုမြန်ဆန်လာ

**ပေကျင်း ဇွန် ၂၀**

တရုတ်နိုင်ငံအနေဖြင့် တိုးတက်မှုကို တွန်းအားပေးရန် ပြည်တွင်းဝယ်လိုအားအပေါ် ပိုမိုမှီခိုလာပြီး ၎င်း၏ ကျယ်ပြန့်လှသော စားသုံးသူအခြေခံကို ကမ္ဘာတစ်ဝန်းမှ အရည်အသွေးမြင့် သွင်းကုန်များအတွက် လမ်းဖွင့်ပေးလျက်ရှိရာ ကမ္ဘာ့စက်ရုံအဖြစ်မှ ကမ္ဘာ့ဈေးကွက်အဖြစ်သို့ ကူးပြောင်းမှုသည် ပိုမိုမြန်ဆန်လာနေကြောင်း စီးပွားရေးပညာရှင်များနှင့် အမှုဆောင်အရာရှိများက ပြောကြားခဲ့သည်ဟု စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အထူးသဖြင့် ကာကွယ်ရေးဝါဒဆိုင်ရာ အတားအဆီးများနှင့် ပထဝီနိုင်ငံရေး တင်းမာမှုများက နိုင်ငံတကာကုန်သွယ်ရေးကို အနှောင့်အယှက်ဖြစ်စေနေစဉ် နိုင်ငံ၏ (၂၀၂၆-၂၀၃၀) ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းဖော်ပြထားသည့် သွင်းကုန်များ မြှင့်တင်ရန် ကတိကဝတ်သည် တရုတ်နိုင်ငံအား ကမ္ဘာ့ဝယ်လိုအား၏ ကျောက်ဆူးတစ်ခုအဖြစ်လည်းကောင်း၊ ရရှိခဲ့သော သေချာရေရာမှုရှိသည့် အရင်းအမြစ်တစ်ခုအဖြစ်လည်းကောင်း ပိုမိုကောင်းမွန်စွာ ရပ်တည်စေမည်ဖြစ်ကြောင်း ၎င်းတို့က ထပ်လောင်းပြောကြားသည်။

အဆိုပါ မဟာဗျူဟာမြောက် အပြောင်းအလဲ၏ တစ်စိတ်တစ်ပိုင်းအဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တစ်နှစ်ပတ်လုံးတွင် "အားလုံးအတွက် ဈေးကွက်ကြီး -တရုတ်နိုင်ငံသို့တင်ပို့ခြင်း" အခမ်းအနား ပေါင်း ၁၀၀ ကျော်ကို ကျင်းပရန် စီစဉ်ထားသည်။

ယင်းအခမ်းအနားများသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှု တိုးချဲ့နိုင်ရန်နှင့် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံ၏ ဈေးကွက်ဝေစုကို အတူတကွ ခံစားနိုင်ရန်အတွက် ပေါင်းကူးတံတားများ တည်ဆောက်ပေးရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

**ပွင့်ဖြူ ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယမန်နေ့က ပွင့်ဖြူမြို့နယ်၊ လက်ပန္နယ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါး အန္တရာယ်ကင်းဝေးစေရန် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ဆိုးကျိုးများနှင့် ပြစ်မှု



ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါး မသုံးစွဲမိစေရန် ရှောင်ကြဉ်ရမည့် နည်းလမ်းများ၊ အသိပညာဗဟုသုတ တိုးပွားစေရန် အားလပ်ချိန်များ၌ သုတ၊ ရသ စာအုပ်၊ စာပေများကို လေ့လာဖတ်ရှုကြရန် တို့ကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ ပါဝင်သော အသိပညာပေး နံရံကပ်စာစောင်များအား ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၄၅)

## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ကျောင်းသား၊ ကျောင်းသူများ အကျင့်စာရိတ္တကောင်းမွန်ပြီး လူတော် လူကောင်းများဖြစ်လာစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်၊ လူရွယ်များဖြစ်လာစေရန်ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးမသုံးစွဲဖို့ရန်၊ သုံးစွဲမိပါက ဖြစ်လာနိုင်သည့် ဆိုးကျိုးရောဂါ အကြောင်းအရာများကို တက်ရောက်လာသည့် အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သော အကြောင်းအရာများကို ထပ်ဆင့် ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးအား မီးသတ်ပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ခင်မင်းမောင် (ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှူခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

**စစ်ကိုင်း ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၃ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ ရန်နိုင်ဦး(၄၀)နှစ်ဆိုသူမောင်းနှင်လာသည့် LANDCRUISER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်



ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ရန်နိုင်ဦးဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။ **(အောက်ပုံ)**

ထို့အတူ ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စာတိုးကျေးရွာအတွင်း လိုင်စင်မဲ့ ဆိုင်ကယ်များ ရောင်းဝယ်ပြုလုပ်နေကြောင်း သတင်းအရ မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ စာတိုးကျေးရွာနေ ဦးစိုးတင့်(၅၅)နှစ်ဆိုသူ၏ နေအိမ်ခြံဝင်းအတွင်းမှ လိုင်စင်မဲ့ ဆိုင်ကယ်မျိုးစုံ ၃၀ စီးအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုးတင့်ဆိုသူနှင့် တစ်ရွာတည်းနေကြသူများဖြစ်ကြသည့် နိုင်နိုင်လင်း(ခ)ဘိုနဘား(၂၄)နှစ်ဆိုသူ၏ နေအိမ်ခြံဝင်းအတွင်းမှ လိုင်စင်မဲ့ ဆိုင်ကယ်မျိုးစုံ ၁၀ စီးအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နိုင်နိုင်လင်း(ခ)ဘိုနဘားဆိုသူအားလည်းကောင်း၊ ဦးသံချောင်း(၅၉)နှစ်ဆိုသူ၏ နေအိမ်ခြံဝင်းအတွင်းမှ လိုင်စင်မဲ့ ဆိုင်ကယ်မျိုးစုံ ကိုးစီးအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သံချောင်းအားလည်းကောင်း မြစ်ငယ်နယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လိုင်စင်ရ စက်သုံးဆီအရောင်းဆိုင်များသို့ ရှောင်တခင်ဝင်ရောက် စစ်ဆေး

**မန္တလေး ဇွန် ၂၀**

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေးတိုင်းဒေသကြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လိုင်စင်ရစက်သုံးဆီအရောင်းဆိုင်များအား စဉ်ဆက်မပြတ် ကြီးကြပ်စစ်ဆေးလျက်ရှိသည်။

ထိုသို့ စစ်ဆေးရာတွင် စက်သုံးဆီအရောင်းဆိုင်များမှ ဖြန့်ဖြူးရောင်းချနေသော စက်သုံးဆီများ၏ အရည်အသွေးပြည့်မီမှန်ကန်မှုရှိ၊ မရှိ၊ အခြင်အတွယ်ပြည့်မီမှန်ကန်မှု ရှိ၊ မရှိနှင့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချမှုရှိ၊ မရှိတို့အား ဌာနပိုင် Mobile Fuel Lab ယာဉ်ဖြင့် လစဉ် ရှောင်တခင်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်တွင် မန္တလေးမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် လေးဆိုင်အား ရှောင်တခင်ဝင်ရောက်စစ်ဆေးဆောင်ရွက်ခဲ့သည်။

စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် အရည်အသွေးပြည့်မီမှုမရှိခြင်း၊ အခြင်အတွယ်ပြည့်မီမှုမရှိခြင်း၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချမှုမရှိခြင်းများကို စစ်ဆေးတွေ့ရှိရပါက ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-ဧ)**

## တရားမဝင်တင်သွင်းလာသည့် လူသုံးရန်မသင့်သော ကုန်ပစ္စည်းအမျိုးမျိုးအား ဖျက်ဆီး

**ဝေါ ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်တင်သွင်းလာသည့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးရန်မသင့်သော ဆေးဝါးအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုးနှင့် အင်ဂျင်ဝိုင်ဆီများအား ဖျက်ဆီးခြင်းကို ဇွန် ၁၅ ရက် နံနက်ပိုင်းက ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးဂိတ်ဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ ဖျက်ဆီးခြင်း အခမ်း



အနားသို့ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသော်ရာဟိန်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဌေးနှင့် OSS ဌာနဆိုင်ရာများက တရားမဝင် တင်သွင်းလာသည့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးရန်မသင့်သော ဆေးဝါးအမျိုးမျိုးနှင့် အလှကုန်ပစ္စည်းအမျိုးမျိုး၊ အင်ဂျင်ဝိုင်ဆီများနှင့် အမှုတွဲ ၂၈ မှု၏ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၄၄၈၃၀၀၀ အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

### အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာ ထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာ ထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသားလေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဇွန် ၂၀

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့်ဝင်ရောက်နေထိုင် ခဲ့သည့် တရုတ်နိုင်ငံသားလေးဦးကို ထပ်မံ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၂၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၁၈ ဦးကို ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၅၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၈ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ခရိုင်/ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

သရက် ဇွန် ၂၀

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့/ရွာ သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အများ ပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၊ လမ်းဆုံများတွင် အမှိုက်များ သိမ်းဆည်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက အမှတ်(၈)ရပ်ကွက်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်တန်းကျောင်းအတွင်း ဆောင်ရွက်ရာ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၄၆၀ ဦးခန့်က သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)



# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ခိုးမှုကျူးလွန်ရန် နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသမီးငယ်တစ်ဦးအား အဓမ္မပြုကျင့်သတ်ဖြတ်မှုကျူးလွန်ခဲ့သူ အမျိုးသားတစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၀

ရန်ကုန်တိုင်း ဒေသကြီး လှိုင်မြို့နယ်၌ ခိုးမှုကျူးလွန်ရန် နေအိမ်အတွင်း ဝင်ရောက်၍ ၎င်းနေအိမ်အတွင်းရှိ အမျိုးသမီးငယ်တစ်ဦးအား အဓမ္မပြုကျင့် သတ်ဖြတ်မှုကျူးလွန်ခဲ့သူ အမျိုးသားတစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် (၁၂) ရပ်ကွက်နေ ဒေါ်xxxxx(၄၇)နှစ်သည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ၎င်း၏ နေအိမ်အပေါ်ထပ်အိပ်ခန်း အတွင်း အိပ်ရာခုတင်ပေါ်၌ သမီးဖြစ်သူ မxxxxxxxxxx(၁၅)နှစ်အား မိန်းမအင်္ဂါတွင် သုတ်ရည်တွေ့ရှိရပြီး လည်ပင်းယာဘက်တွင်ဓားဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အဓမ္မပြုကျင့်၍ သတ်ဖြတ်သွားသူအား အရေးယူပေးရန် တိုင်တန်းချက်အရ လှိုင်မြို့မ ရဲစခန်း(ပ)၁၅၁/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၇၆ ဖြင့် အမှုဖွင့်လှစ်ပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းနှင့် ဒုစရိုက်မှုများကို မလိုလားသည့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တရားခံအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အမျိုးသမီးငယ်အား အဓမ္မပြုကျင့်၍ သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တွံတေးမြို့နယ် သရက်နှစ်ပင်ကျေးရွာနေ အောင်ကျော်စိုး(ခ) အင်ဂျင်ပိုင် (၃၈)နှစ် (ဘ)ဦးသိန်းထွန်းအား ယင်းနေ့ ညနေပိုင်းတွင် အဆိုပါကျေးရွာထိပ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ အောင်ကျော်စိုး(ခ) အင်ဂျင်ပိုင်အား စစ်ဆေးချက်အရ ၎င်းသည် ဇွန် ၁၉ ရက် နံနက် ၁ နာရီခန့်တွင် လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းသို့ ဝင်ရောက်ကာ iPhone 15 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်နှစ်သိန်းတို့ကို ခိုးယူခဲ့ပြီး အဆိုပါနေအိမ်မှ နှစ်အိမ်ကျော်ရှိ နေအိမ်အတွင်းသို့ ခိုးမှုကျူးလွန်ရန် ထပ်မံဝင်ရောက်စဉ် နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်း အိပ်ပျော်နေသည့် အမျိုးသမီးငယ်တစ်ဦးအား တွေ့ရှိရသဖြင့် အဓမ္မပြုကျင့်၍ ၎င်းယူဆောင်လာသည့် ခဲတံချွန်ခေါက်ဓားဖြင့် လည်ပင်းအားလှီး၍ သတ်ဖြတ်ခဲ့ကာ နေအိမ်မှပြန်လည်ထွက်ခွာလာခဲ့ပြီး ၎င်းခိုးယူလာခဲ့သည့် လက်ကိုင်ဖုန်းအား ငွေကျပ်နှစ်သိန်းဖြင့် ရောင်းချ၍ ရရှိလာသောငွေများကိုအရက်သောက်စား သုံးစွဲခဲ့ပြီး ၎င်းနေထိုင်ရာ တွံတေးမြို့နယ် သရက်နှစ်ပင်ကျေးရွာသို့ ပြန်လာခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူ တရားခံ အောင်ကျော်စိုး(ခ) အင်ဂျင်ပိုင်အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၂၄ မှ

နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဆိုပါကားလမ်းတစ်လျှောက် မိုင်းရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြိုင်မြို့နယ် နှမ်းဆီကန်ကျေးရွာနှင့် သရက်ကန်ကျေးရွာကြားရှိ ကမ္မ-မြိုင်သွားကားလမ်းဘေး ဝဲ/ယာဘက်များ၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့ထောင်ထားသည့် ဆီပီပါဖြင့် ပြုလုပ်ထားသည့် ကားမိုင်းကြီးအလုံး ၂၀၊ လက်လုပ်ရှေ့ထွက်မိုင်း ၁၇ လုံး၊ လက်လုပ်ကားနင်းမိုင်း ၁၅ လုံး၊ လက်လုပ်တိုက်မိုင်း ရှစ်လုံး၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ခြောက်လုံး၊ ဒေသန္တရလက်လုပ်နင်းမိုင်း ၁၂ လုံး၊ အမ်-၁၄ နင်းမိုင်း နှစ်လုံး စုစုပေါင်း လက်လုပ်မိုင်းမျိုးစုံအလုံး ၈၀ တို့ကို ယမန်နေ့က ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါမိုင်းများအား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သက်မဲ့ပြုလုပ်ကာ စနစ်တကျဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။ ထို့ပြင် သရက်ကန်ကျေးရွာအနီးရှိ အကျယ် ၂၈ ပေ၊ အရှည် ၁၂ ပေခန့်ရှိ ပျက်စီးနေသည့် တံတားတစ်စင်းအား မိုင်းရှင်းလင်းကာကျောက်၊ သစ်တုံး၊ သဲအိတ်များဖို့၍ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူများ အန္တရာယ်ကင်းစွာ အသုံးပြုဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တွင်းမကျေးရွာအနီး ကမ္မ-မြိုင်သွားကားလမ်းမပေါ်၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ အလုံး ၂၀ အား ထပ်မံဖယ်ရှားရှင်းလင်းနိုင်ခဲ့မှုကို တွေ့ရစဉ်။

# နိုင်ငံတကာ အားကစား သတင်းများ

## Instagram တွင် Followers တစ်သန်းကျော်အထိ မြင့်တက်သွားခဲ့သည့် ကိတ်ဗာဒီဂိုးသမား ပိုဇင်ဟာ



**လန်ဒန် ဇွန် ၂၀**

ကိတ်ဗာဒီ ဂိုးသမား ဗိုဇင်ဟာသည် ကမ္ဘာ့အင်အားကြီး စပိန်အသင်းကို သရေရရှိအောင် ယှဉ်ပြိုင်ကစားနိုင်သည့်ပွဲစဉ်အပြီး Instagram တွင် Followers တစ်သန်းကျော်အထိ မြင့်တက်လာခဲ့သည်။ (ဝဲပုံ)

ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ကစားခွင့်ရရှိသည့် ကိတ်ဗာဒီအသင်းသည် ၄င်းတို့ထက် အဆများစွာသာလွန်သည့် စပိန်အသင်းကို ပွဲချိန်မိနစ် ၉၀အထိ အနိုင်မခံ၊ အရှုံးမပေးစိတ်ဓာတ်နဲ့ ယှဉ်ပြိုင်ကစားခဲ့ပြီး အဖိုးတန် သရေတစ်မှတ်ရယူနိုင်ခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဂိုးပေါက်ကာကွယ်မှု ခုနစ်ကြိမ်၊ တိကျသည့် ဘောလုံးပေးပို့မှု ၂၉ကြိမ်၊ ပင်နယ်တီဧရိယာအတွင်း ဂိုးပေါက်ကာကွယ်မှု ခြောက်ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည့် ဂိုးသမား ဗိုဇင်ဟာကို ဘောလုံးပရိသတ်များက စိတ်ဝင်စားခဲ့ပြီးနောက် Instagram တွင် Followers တစ်သန်းကျော်အထိ မြင့်တက်လာခြင်းဖြစ်သည်။

ထို့ပြင် အသက် (၄၀ နှစ်၊ ၁၂ ရက်)ရှိသည့် ဂိုးသမား ဗိုဇင်ဟာသည် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် ပထမဆုံးအကြိမ် ပွဲထွက်ခွင့်ရသည့် အသက်အကြီးဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ (NGB)

## ကေးလ်ဘူဒါချီကို လိုင်ယွန်အသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၂၀**

လိုင်ယွန်အသင်းသည် နိစ်အသင်း တောင်ပံကစားသမား ကေးလ်ဘူဒါချီကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၃၁ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။



တောင်ပံကစားသမား ကေးလ်ဘူဒါချီသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည့်အပြင် ပြီးခဲ့သည့် ဘောလုံးရာသီက နိစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိုင်ယွန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လိုင်ယွန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားနှစ်ဦးအထိ ခေါ်ယူ အားဖြည့်ထားပြီး ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဆာရာမက်စ်နာကို ဘိုင်ယန်မြူးနစ်အမျိုးသမီးအသင်း ခေါ်ယူ

**မြူးနစ် ဇွန် ၂၀**

ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အမျိုးသမီးအသင်းသည် SKN St.Polten အမျိုးသမီးအသင်း တိုက်စစ်မှူး ဆာရာမက်စ်နာကို ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (ယာပုံ)

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် SKN St. Polten အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၃ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲစုံ ၄၇ ပွဲကစားကာ ၂၃ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အမျိုးသမီးအသင်း၏ ထုတ်ပြန်ချက်တွင် "ဆာရာမက်စ်နာကို ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်းမှာ ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ (NGB)



### ၂၀၂၆ ကမ္ဘာ့ဖလား (အုပ်စုပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၂၁-၆-၂၀၂၆ ည ၁၀း၃၀ နာရီ | H | စပိန် - ဆော်ဒီအာရေဗျ |
| ၂၂-၆-၂၀၂၆ နံနက် ၀၁း၃၀ နာရီ | G | ဘယ်လ်ဂျီယံ - အီရန် |
| ၂၂-၆-၂၀၂၆ နံနက် ၀၄း၃၀ နာရီ | H | ဥရုဂွေး - ကိပ်ဗာဒီ |
| ၂၂-၆-၂၀၂၆ နံနက် ၀၇း၃၀ နာရီ | G | နယူးဇီလန် - အီဂျစ် |

## ရူဒီဂါ ရီးရဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဇွန် ၂၀**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းနောက်ခံကစားသမား ရူဒီဂါကို ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။




အဆိုပါ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၂ ပွဲကစားကာ ရှစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ရူဒီဂါက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(အပေါ်ပုံ)(NGB)

## ရှီးယားချားလ်စ်ကို ခေါ်ယူရန် လိဒ်စ်အသင်း ဆွေးနွေး

**လန်ဒန် ဇွန် ၂၀**

ပရီးမီးယားလိဂ်ကလပ် လိဒ်စ်အသင်းသည် ဆောက်သမ်တန်အသင်း ကွင်းလယ်ကစားသမား ရှီးယားချားလ်စ်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။ (အောက်ပုံ)

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဆောက်သမ်တန်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၈ ပွဲကစားပြီး ခြောက်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိဒ်စ်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

ဆောက်သမ်တန်အသင်းကလည်း ရှီးယားချားလ်စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားမည်ဖြစ်သည်။



ထို့ကြောင့် လိဒ်စ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဆောက်သမ်တန်အသင်းမှ ရှီးယားချားလ်စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## အမေရိကန်အသင်းက ဩစတြေးလျအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၂၀**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (D)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်း ကမ္ဘာ့အဆင့် (၁၇)ရှိ အမေရိကန်အသင်းနှင့် ကမ္ဘာ့အဆင့် (၂၇)ရှိ ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမေရိကန်အသင်းက ဩစတြေးလျအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အမေရိကန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၁မိနစ်တွင် ဘားဂတ်စ်(OG)၊ ပွဲချိန် ၄၃ မိနစ်တွင် ဖရီးမန်းက သွင်းယူပေးခဲ့သည်။

မက္ကဆီကိုအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (D) တတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၆ရက်တွင် တူရကီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ရောဘတ်တိုမာတီနက်ဇ် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ပေါ်တူဂီနည်းပြရာထူးမှ နုတ်ထွက်မည်

**လန်ဒန် ဇွန် ၂၀**

နည်းပြ ရောဘတ်တိုမာတီနက်ဇ်က မိမိအနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အပြီးတွင် အသင်းနည်းပြ ရာထူးမှ နုတ်ထွက်သွားမည်ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ နည်းပြသည် ပေါ်တူဂီအသင်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး လက်ရှိအချိန်ထိ ပြိုင်ပွဲပွဲ ၄၀ တွင် ၂၈ပွဲနိုင်၊ ၇ပွဲသရေ၊ ငါးပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၅၂)နှစ်အရွယ်ရှိ ရောဘတ်တို မာတီနက်ဇ်က "၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး အသင်းကနေ နုတ်ထွက်သွားမှာပါ။ မထွက်ခွာမီ မှတ်တမ်းတစ်ခုအနေနဲ့ အသင်းနဲ့အတူ ကမ္ဘာ့ဖလားချန်ပီယံဆုကြီးကို ရယူသွားလိုပါတယ်။ ရယူနိုင်အောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

ပေါ်တူဂီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(K)တွင် ဒီအာကွန်ဂို၊ ဥဇဘက်ကစ္စတန်၊ ကိုလံဘီယာအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

(အောက်ပုံ)(NGB)



**ဘောလုံးသတင်း အတိုအထွာများ**

- ၂၀၂၆ ကမ္ဘာ့ဖလား(C)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက မော်ရိုကိုအသင်းနှင့် စကော့တလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မော်ရိုကိုအသင်းက စကော့တလန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။
- တူနီးရှားအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ယာဗေးဟွန်းနတ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။ (NGB)

## 2026 Bad Homburg Open တင်းနစ်ပြိုင်ပွဲ ဇွန် ၂၁ ရက်တွင် စတင်မည်

**ဟမ်းဘတ် ဇွန် ၂၀**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Bad Homburg Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇွန် ၂၁ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Bad Homburg Open တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၁ ရက်မှ ၂၈ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Bad Homburg Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Bad Homburg Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အမေရိကန်တင်းနစ်မယ် Jessica Pegula ဖြစ်သည်။

(အောက်ပုံ)(NGB)






## ၂၀၂၆ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မကွေး ဇွန် ၂၀**

၂၀၂၆ ခုနှစ် ဇွန် ၁၇ ရက်တွင် ကျရောက်သော "ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ (Desertification and Drought Day 2026)" အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ငွေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က "၂၀၂၆ ခုနှစ် ကမ္ဘာ့သဲကန္တာရ ဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့" အထိမ်းအမှတ် အဖွင့်မိန့်ခွန်းပြောကြားကာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "၂၀၂၆ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့" အထိမ်းအမှတ်ဌာန၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးတင်ပြခဲ့ပြီး "၂၀၂၆ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့်မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့" အထိမ်းအမှတ် UNCCD မှ ပေးပို့သည့် သဝဏ်လွှာဗီဒီယိုနှင့် UNCCD မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအကြောင်းအရာ မှတ်တမ်းဗီဒီယိုပြသခဲ့သည်။

ယင်းနောက် "၂၀၂၆ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့" အထိမ်းအမှတ် တက္ကသိုလ်အဆင့်ဆောင်းပါးဆု၊ တက္ကသိုလ်ဝင်တန်းအဆင့် စာစီစာကုံးနှင့် အလယ်တန်းအဆင့်စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြပြီး ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသော ပြခန်းငယ်များအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် ပြပွဲကျင်းပ

**မြို့သစ် ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်၍ အသိပညာ ဗဟုသုတရရှိစေရန်အတွက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲနှင့် ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ထွေးက ကျောင်းသား၊ကျောင်းသူများအား မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲမိခြင်းကြောင့် ရရှိမည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ရှောင်ကြဉ်ရမည့် အချက်များကို အသိပညာပေးပြောကြားပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများအား ပြသခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

## မန္တလေးတက္ကသိုလ် သချင်္ချာမိသားစုအငြိမ်းစားဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ ထောက်ပံ့ငွေပေးအပ်

**မန္တလေး ဇွန် ၂၀**

မန္တလေးတက္ကသိုလ် သင်္ချာမိသားစုဝင်အငြိမ်းစား ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ၂၀၂၆ ခုနှစ် အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံဆရာ၊ ဆရာမကြီးများအားကျန်းမာရေးထောက်ပံ့ငွေများပေးအပ်လျက်ရှိရာ ဇွန် ၁၇ ရက်က မန္တလေးမြို့တွင် နေထိုင်သော ကန်တော့ခံအငြိမ်းစားသင်္ချာပါမောက္ခဒေါက်တာသန်းထွန်းဝင်းနှင့် ဆရာမကြီးဒေါက်တာခင်မျိုးကြည်ထံသို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကန်တော့ခံအငြိမ်းစား သင်္ချာတွဲဖက်ပါမောက္ခဆရာမကြီး ဒေါ်မြသန်းထံလည်းကောင်း သွားရောက်၍ ကန်တော့ငွေကျပ်နှစ်သိန်း ပေးအပ်ခဲ့ကြသည်။

မန္တလေးတက္ကသိုလ် သင်္ချာမိသားစုကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အနေဖြင့် သင်္ချာဌာနမှ ကန်တော့ခံဆရာ၊ ဆရာမကြီးများ ကျန်းမာရေးချို့ယွင်း၍ ဆေးရုံတက်ရောက်ကုသမှုခံယူပါကလည်း ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)



## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ဝန်ထမ်းများအားအဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန် ရည်ရွယ်၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးတက်ထွဋ်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ)မှ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြား ရှင်းလင်းပေးခဲ့သည်။

(အောက်ပုံ)

ဆက်လက်၍ ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ရှိသူများနှင့် မြို့ပေါ်ရုံးများမှ ဝန်ထမ်းစုစုပေါင်း ၁၆၀ ဦးနှင့် ကျန်မြို့နယ်ရုံးများရှိ ဝန်ထမ်းများက Vedio Conferencing ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**



## ထရန်စဖော်မာအသစ် ဓာတ်အားလွှတ်ပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ဝန်အားပြည့်နေသော ထရန်စဖော်မာများအား ဝန်အားကူရန်၊ ဓာတ်အားသုံးစွဲသူ အိမ်ထောင်စုများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်စေရန်နှင့် ဗို့အားတည်ငြိမ်စေရန် 11/0.4 KV, 200KVA အောင်စံပယ်မှော်ရုံ ထရန်စဖော်မာအသစ် ဓာတ်အားလွှတ်ပွဲကို ယမန်နေ့က ရန်မျိုးအောင်ရပ်ကွက်တွင် ကျင်းပခဲ့သည်။



မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်အတွင်း ဝန်အားပြည့်နေသော ထရန်စဖော်မာများအား ဝန်အားကူရန်၊ ဓာတ်အားသုံးစွဲသူ အိမ်ထောင်စုများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်စေရန်နှင့် ဗို့အားတည်ငြိမ်စေရန် ရည်ရွယ်၍ ရက်(၁၀၀) စီမံချက်ဖြင့် 11/0.4 KV, 200KVA အောင်စံပယ်မှော်ရုံ ထရန်စဖော်မာအသစ် တည်ဆောက်ခဲ့ပြီး ဓာတ်အားလွှတ်ပွဲကို ကျင်းပရာ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးနောင်ဘိုဘိုလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကို၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကိုနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဓာတ်အားလွှတ်ပွဲသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (၄၆၉)

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**စဉ့်ကိုင် ဇွန် ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းအခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့်လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက စဉ့်ကိုင်မြို့နယ်၊ ဘယ်လင်းကျေးရွာအုပ်စု၊ တောင်ဦးကျေးရွာမွှာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးက အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က စီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က ထူးချွန်သင်တန်းသူများအား သုံးစွဲခွင့်ပြုမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းမှ ထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများကိုလည်းကောင်း အသီးသီး ပေးအပ်ခဲ့ကြရာ သင်တန်းသူများက လက်ခံရယူခဲ့ကြပြီး သင်တန်းသူ မမြဖူးငုံက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်းနှင့်စုပေါင်း၍ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။



**ကျော်စွာ(စဉ့်ကိုင်)**

# ရတနာပုံတက္ကသိုလ်၌ E-Sport (PUBG MOBILE) ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ




**မန္တလေး ဇွန် ၂၀**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်နှင့်မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ် (MYANMAR ELECTRONIC SPORTS FEDERATION)တို့ ပူးပေါင်းကျင်းပသည့် တက္ကသိုလ်တွင်းပြိုင်ပွဲ (Campus Clash Esports)နှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၁၉ ရက်က အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမ-၁ ၌ ကျင်းပသည်။

အဆိုပါ တက္ကသိုလ်တွင်းပြိုင်ပွဲ(Campus Clash Esports)တွင် ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့်မဟာသင်တန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ဘာသာရပ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၇ သင်းဝင်ရောက်ယှဉ်ပြိုင်ကြရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ E-Sport (PUBG MOBILE)ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမင်းသိန်း(တွဲဖက်ပါမောက္ခ၊ ကွန်ပျူတာသိပ္ပံပညာဌာန)နှင့် ဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက အားပေးကြည့်ရှုကြသည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးဝင်းနိုင်က ပံ့ပိုးကူညီဆောင်ရွက်ပေးပါသော မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်က တာဝန်ခံအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မော်မော်စိုးက တတိယဆုရရှိသည့် စိတ်ပညာအသင်းအား ဂုဏ်ပြုမှတ်တမ်းနှင့် ငွေသားဆုကိုလည်းကောင်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသွယ်လင်းကိုက ဒုတိယဆုရရှိသည့် ဘူမိဗေဒအသင်းအား ဂုဏ်ပြုမှတ်တမ်းနှင့် ငွေသားဆုကိုလည်းကောင်း၊ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ပထမဆုရ ဓာတုဗေဒနှင့်ဇီဝဓာတုဗေဒအသင်းအား ဂုဏ်ပြုမှတ်တမ်းနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ Campus Clash E-sports အမည်ရှိ တက္ကသိုလ်တွင်းပြိုင်ပွဲမှ ပထမအနိုင်ရရှိသည့် အသင်းသည် ဇူလိုင်လတွင် ကျင်းပမည့် နိုင်ငံအဆင့်အကြီးဆုံး တက္ကသိုလ်အီလက်ထရောနစ်အားကစားပြိုင်ပွဲကြီးဖြစ်သည့် Varsity Esports Championship တွင် တက္ကသိုလ်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ဝ၈၂)**

စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။

# ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာချင်းဆက် လမ်းများတွင် Box Culvert ဆောက်လုပ်မှုများ ကွင်းဆင်းစစ်ဆေး

**ပုသိမ်ကြီး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ပုသိမ်ကြီးမြို့မအစမှ ဇီးချိုကုန်း-ညောင်ပင်သာ-ဆင်ရှာကြီးကျေးရွာချင်းဆက်လမ်းပေါ်တွင် Box Culvert လုပ်ငန်းတည်ဆောက်မှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းများတွင် Box Culvert အမှတ်(၁)တည်ဆောက်ခြင်းမှာ ၅ ပေ × ပေ ၂၀ လုပ်ငန်းနှင့် Box Culvert အမှတ်(၂)တည်ဆောက်ခြင်းမှာ ၃ ပေ × ပေ ၂၀ လုပ်ငန်းများအား အမရပူရခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းထွန်းဦးက ကွင်းဆင်းစစ်ဆေးခဲ့ပြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မိုးခိုင်နှင့်အဖွဲ့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြကြသည်။ ၎င်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၂၅၉၄ အိမ်၊ လူဦးရေ ၁၁၂၀၁ ဦးတို့၏ လူမှု၊ စီးပွား၊ ဘဝ ဖွံ့ဖြိုးတိုးတက်မှုများစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**စာနည်ကိုကို(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

# မူးယစ်ဆေးဝါးအန္တရာယ်သတိပြုကာကွယ်အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဇွန် ၂၀**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြိုအဖြစ် မူးယစ်ဆေးဝါးအန္တရာယ်သတိပြုကာကွယ်အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမတွင် ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က မူးယစ်အစဆေးလိပ်ကနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာထိခိုက်မှုများ၊ မူးယစ်ဆေးဝါးဆိုးကျိုးများ၊ မူးယစ်ဥပဒေများအကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားလပ်ချိန်များတွင် မိမိအတွက်ဗဟုသုတရရှိစေမည့် စာအုပ်၊ စာပေများလေ့လာဖတ်ရှုမှတ်သားကြရန် ဆွေးနွေးဟောပြောခဲ့သည်။

**(ဝဲပုံ)**

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်ပြပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနံရံကပ်စာစောင်များအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**နောင်နောင်(ဗိသုနိုး)**

# လျှပ်လျှပ်ရှားရှား ကုန်စည်စီးပွား

## ပီကုန်ပဲများနှင့် ပြည်တွင်းသုံး ပဲမာလိုင်းအချို့ ဈေးမြင့်တက်လာ



ပီကုန်ပဲများနှင့် ပြည်တွင်းသုံး ပဲမာလိုင်းအချို့ ဈေးမြင့်တက်လာသော်လည်း ပြည်တွင်းသုံး ကုလားပဲအုပ်စု ဈေးကျဆင်းနေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

ဇွန်လဆန်းပိုင်းကတည်းက ဈေးကျဆင်းနေသည့် ပီကုန်ပဲများမှာ ဇွန် ၂၀ ရက်တွင် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းတို့မှာ အမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် တစ်သောင်းခန့် ဈေးမြင့်တက်လာခြင်း ဖြစ်သည်။

ပဲဈေးကွက်အတွင်းမှာ ပီကုန်ပဲအုပ်စုနှင့် ပြည်တွင်းသုံးပဲမာလိုင်းများ ဈေးပြန်လည်မြင့်တက်လာကြောင်း ကုလားပဲအုပ်စုမှာ ဈေးအနည်းငယ်ကျဆင်းသွားသော်လည်း ဝယ်လိုအားကောင်းနေကြောင်း၊ ပဲမာလိုင်းများတွင် ပဲကြီး၊ စားတော်ပဲတို့မှာ ဈေးမြင့်တက်လာကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည် တင်ပို့နိုင်ရန် မြေပဲဆန် ဝယ်လိုအားကောင်းနေကြောင်း ရွှေစင်သိန်းပွဲ ရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"ဇွန်လဆန်းပိုင်းကတည်းက ဈေးအေး၊ ဈေးကျနေတဲ့ ပဲစင်းငုံ၊ မတ်ပဲတွေ ရန်ကုန်အဝယ် ပြန်ကောင်းလာပါတယ်။ ပဲတီစိမ်းက ဈေးကျနေတော့ ဝိုင်းဝယ်ကြတာ။ အခု ဈေးပြန်တက်လာတာပါ။ ပဲကြီးကတော့ ဆက်တိုက်ဈေးတက်တာ ရာသီမကုန်ခင် ပစ္စည်းပြတ်သွားနိုင်တယ်။ စားတော်ပဲတွေ ဈေးတက်ပါတယ်။ ကုလားပဲအုပ်စုကတော့ ဈေးငြိမ်နေပါတယ်"ဟု ၎င်းက ပြောသည်။

ဇွန် ၂၀ ရက်တွင် ပီကုန်ပဲများအားလုံး ဈေးတည်ငြိမ်နေလျက်ရှိရာ ပဲစင်းငုံ ပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ မတ်ပဲပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲတီစိမ်း (အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ အထိ ဈေးကျဆင်းလျက်ရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ် အတက်၊ အကျ ရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၉၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀၊ 929 ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၈၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဇွန် ၂၀ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၀၊ ပဲကြားတစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ ပဲနီပြား(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၂၀၀၀၀၊ ပဲဇီးကွက် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ ကျွန်းစားတော်ပဲ (အသေး)တစ်အိတ်လျှင် ငွေကျပ် ၆၂၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဇွန် ၂၀ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိသာလျှင် ငွေကျပ် ၁၁၅၀၀၊ မြေပဲဆီ တစ်ပိသာလျှင် ငွေကျပ် ၁၉၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

**ရွှေမန်း**



## သက်တမ်းရှည် ရက်(၁၀၀) အောင်သပြေ စိုက်ပျိုးမှုနှင့် ဈေးကွက်

ကျောက်ဆည်ခရိုင်သည် သီးနှံများ ရာသီမရွေး စိုက်ပျိုးနိုင်ပြီး စီးပွားဖြစ် ဝင်ငွေတိုးသော ဈေးကွက် ဝယ်လိုအားရှိသော အောင်သပြေပန်းငုတ်များကို ကျောက်ဆည်မြို့နယ်ရှိ သံရွာနှင့် သင်တုန်းကျေးရွာများတွင် စိုက်ပျိုးလျက်ရှိကြောင်း၊ သပြေပန်း စိုက်ပျိုးရန်အတွက် မျိုးစေ့ကို ခရမ်းသုံးခွမြို့နယ်များမှ ဝယ်ယူစိုက်ပျိုးကြခြင်းဖြစ်သည်။

မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၂၀၀၀၀-၂၅၀၀၀ ခန့်ရှိပြီး တစ်ဧကလျှင် မျိုးစေ့ ပြည် ၈၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး နှစ်လခွဲသားဝန်ကျင်တွင် အပင်များကို ဖြတ်တောက်ပြီး ငုတ်ချန်ပေးရကြောင်း၊ ငုတ်ချန်ပြီး တစ်နှစ်အကြာတွင် ရောင်းတန်းဝင်ပန်းများ ရရှိပြီးဖြစ်ကြောင်း၊ သပြေပန်းများ ပိုးမကိုက်၊ အညွန့်များ လှအောင်၊ အရွက်မာအောင် ဈေးကွက်မဖြန့်ခင် တစ်လအလိုတွင် ဆေးဖျန်းပေးရကြောင်း၊ စိုက်ပျိုးမှု တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် သိန်း ၄၀ ခန့် ကုန်ကျကြောင်း ပန်းစိုက်တောင်သူတစ်ဦးက ပြောသည်။

စိုက်ပျိုးရာတွင် ပေါင်စိုက်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ဧကအပင်ပေါင်း ၁၅၀,၀၀၀ ခန့်ထိ ရှင်သန်နိုင်ကြောင်း၊ မြေပြုပြင်မှုနှင့် ရေ၊ မြေ အပြုအစုကောင်းပါက ပန်းများပိုမိုလှကြောင်း၊ အရွယ်အစားပေါ်မူတည်၍ တစ်နှစ်သား အောင်သပြေငုတ်တစ်ငုတ်လျှင် ငွေကျပ် ၁၀၀၀-၁၅၀၀ အထိ ရောင်းချရကြောင်း၊ နှစ်နှစ်သား တစ်ပင်လျှင် ငွေကျပ် ၃၀၀၀-၅၀၀၀ အထိ ရောင်းချရကြောင်း၊ လက်ကားဖောက်သည်ဈေးအနေဖြင့် ၂၀ ရာခိုင်နှုန်းလျှော့၍ ရောင်းချပေးကြောင်း၊ အောင်သပြေငုတ်များ စိုက်ပျိုးရာတွင် အပင်သက်တမ်း သုံးနှစ်အထိ ရောင်းချပေးနိုင်သည်။

ပန်းများကို အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများက လာရောက်ဝယ်ယူသူများရှိသလို ရန်ကုန်မြို့များသို့လည်း Express ကားများဖြင့် တင်ပို့ရောင်းချကြောင်း၊ ကျန်နယ်ဝေးများမှ မှာယူလျှင်လည်း ကားဂိတ်အရောက် သေချာစွာ ထုတ်ပိုးပြီး ရောင်းချခြင်းဖြစ်သည်။

အောင်သပြေငုတ်စိုက်ပျိုးမှုတွင် အခင်းပြတ် ရောင်းချပါက ငွေအလုံးအရင်း ရရှိသော်လည်း တစ်နိုင်တစ်ပိုင် နေ့ချင်းရောင်းချပါက ပိုမိုအကျိုးမြတ်ရရှိကြောင်း သိရသည်။

**ရွှေမန်း**

## ဈေးကွက်ဝယ်လိုအားကောင်းသည့် ပဲစင်းငုံကို ပိုမိုစိုက်ပျိုးလာ

ပဲစင်းငုံ(မိုး)ကို သီးသန့်စိုက်ပျိုးမှုများ ရှိသလို သီးထပ်သီးညှပ်အဖြစ်လည်း စိုက်ပျိုးကြကြောင်း၊ မိုးပဲစင်းငုံကို မေလနှင့် ဇွန်လများတွင် စတင်စိုက်ပျိုးကြပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် စတင်ရိတ်သိမ်းရမည် ဖြစ်သည်။

အများဆုံး စိုက်ပျိုးသော မျိုးများမှာ ကြေးနီရောင်တဘက်လှဲမျိုး၊ ရွှေဝါရောင်လုံးသေးဒင်္ဂါးမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဆည်ရေသောက်ဒေသများနှင့် မိုးကောင်းသောက် ယာမြေများအတွင်း စိုက်ပျိုးကြကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀,၀၀၀ ဝန်းကျင်ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ၁၂-၁၄ တင်းခန့် ထွက်ရှိသည်။

ယခင်နှစ် ပဲစင်းငုံ ရိတ်သိမ်းချိန်တွင် ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၉၅,၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၈၄၀,၀၀၀ ခန့် မြတ်ခဲ့ကြောင်း၊ မန္တလေးပဲဈေးကွက်တွင် ပဲစင်းငုံ တစ်တင်းလျှင် ငွေကျပ် ၉၄,၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။

ပဲစင်းငုံစိုက် တောင်သူများမှ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှ တစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ရိတ်သိမ်းချိန်တွင်လည်း ဈေးနှုန်းများ ကောင်းမွန်ပါက တောင်သူများ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းကြောင်း ပဲစင်းငုံ စိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ် ပဲစင်းငုံပြန်လည်စိုက်ပျိုးချိန်အထိ ပဲစင်းငုံဈေးကွက်မှာ ဈေးကောင်းရရှိနေခြင်း၊ အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံဝယ်လိုအားနှင့် ပဲတင်ပို့မှု သဘောတူစာချုပ်များကြောင့် ယခုနှစ်တွင် တောင်သူများ ပိုမိုစိုက်ပျိုးလာကြခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**



## ဈေးကွက်ကောင်းသည့် မိုးနှမ်းကို ပိုမိုစိုက်ပျိုးလာ

ဆီထွက်သီးနှံတစ်မျိုးဖြစ်သော မိုးနှမ်းသီးနှံကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မိုးနှမ်းကို မေလနှင့် ဇွန်လများတွင် စတင်စိုက်ပျိုးခဲ့ပြီး စက်တင်ဘာလတွင် စတင်ထွက်ရှိမည်ဖြစ်ပြီး ဈေးကွက်ကောင်းသည့် မိုးနှမ်းကို ပိုမိုစိုက်ပျိုးလာကြသည်။

နှမ်းစိုက်ပျိုးမှုအနေဖြင့် ဘောင်ကြောင်းပေးစနစ်ဖြင့် စိုက်ပျိုးကြပြီး အများဆုံးစိုက်ပျိုးသောမျိုးများမှာ နှမ်းဖြူ၊ နှမ်းညိုနှင့် နှမ်းနက်မျိုးများကို စိုက်ပျိုးကြသည်။ တစ်ဧက စိုက်ပျိုးမှုအနေဖြင့် နှမ်းမျိုးတစ်ပြည်လျှင် ငွေကျပ် ၈၀၀၀-၈၅၀၀ အထိ ပေးဝယ်ရကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်းငွေကျပ် ၅၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကမျိုး ၂-၃ ပြည် စိုက်ပျိုးရသည်။

ယခင်နှစ် အထွက်နှုန်းအနေဖြင့် ၁၂-၁၃ တင်းခန့် ထွက်ရှိခဲ့ပြီး ယခင်နှစ် နှမ်းဈေးနှုန်းအနေဖြင့် နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၃၀၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၁၃၂၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး နှမ်းဆီတစ်ပိသာလျှင် ငွေကျပ် ၁၈၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်ခဲ့ပြီး တစ်ဧက အကျိုးအမြတ်အနေဖြင့် စိုက်ပျိုးစရိတ်နုတ်ပြီး ငွေကျပ် ၁၁၀၀၀၀၀ ခန့် အမြတ်ရရှိကြောင်း နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။




ယခုဇွန်လ ဒုတိယအပတ်တွင် နှမ်းဈေးနှုန်းအနေဖြင့် နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၁၇၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၁၁၃၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေပြီး နှမ်းဆီတစ်ပိသာလျှင် ငွေကျပ် ၁၈၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ကုန်သွယ်ရောင်းဝယ်မှုအနေဖြင့် တောင်သူများက နှမ်းသီးနှံထွက်ပေါ်ချိန်တွင် နီးစပ်ရာ ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်သွားရောက်ရောင်းချကြကြောင်း၊ ပွဲရုံများမှ တစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိသည်။ တောင်သူများမှာ နှမ်းကို ဆီထွက်သီးနှံအဖြစ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ရွှေမန်း**

## စာအုပ်ခင်းကျင်း

## ဖော်ညွန့်းသီ

| | |
|---|---|
| စာအုပ်အမည် | - အကောင်းမြင်စိတ်ဖြင့် အလုပ်လုပ်ခြင်း |
| စာရေးသူ | - အောင်အေး(ရန်ကုန်တက္ကသိုလ်) |
| ထုတ်ဝေသည့်စာပေတိုက် | - စာစည်းစိမ်စာပေ |
| တန်ဖိုး | - ၆၀၀၀ ကျပ် |
| စာမျက်နှာ | - ၁၃၈ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဇွန်လ (တတိယအကြိမ်) |




၂၀၁၆ ခုနှစ် စိတ်ကူးချိုချို၏ ပထမအကြိမ်မူအတိုင်း ပြန်လည် ရိုက်နှိပ်ထုတ်ဝေသည်။ ဆရာဝန်စာရေးဆရာများဖြစ်ကြသည့် အာနိုးဖောက်စ်နှင့် ဘာရီဖောက်စ် ပူးတွဲရေးသားထားသော Positive Thoughts Positive Action ကို မြန်မာပြန်ဆိုထားခြင်း ဖြစ်သည်။

စာအုပ်တွင် သင်ခန်းစာယူဖွယ်ဖြစ်ရပ်များ၊ မအောင်မြင်နိုင်ဘူးဟု ယူဆထားသည့် အခြေအနေကနေ အံ့မခန်းအောင်မြင်လာသည့်အကြောင်း၊ လူတစ်ဦးတစ်ယောက်ချင်းစီ ကြုံတွေ့နေရသည့် အခက်အခဲများ ကြားမှရုန်းထွက်နိုင်ပြီး အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိသွားသည့်အကြောင်း၊ အကောင်းဘက်ကိုတွေးတောခြင်း၊ အတူတကွ၊ ပန်းတိုင်ဆိုတာပျော်စရာ၊ စိတ်အထင်ရဲ့အစစ်အမှန်၊ ဖွဲ့ရှိမှု အစရှိသည့် ခေါင်းစဉ်ငယ်များနှင့် အခန်း (၁၀)ခန်းခွဲကာ ရေးသားထားသည်။

စာအုပ်ထဲ စိတ်ဝင်စားဖွယ်ကောင်းသည့် "ဆယ်လီ"၏ ဇာတ်လမ်းကလေးကို ဖော်ပြပေးလိုက်ပါသည်။ ကင်ဆာရောဂါဖြစ်နေသည့် ဆယ်လီသည် ဆေးရုံတက်နေစဉ်ကာလအတွင်း သူမ၏ လူနာခုတင်ဘေးက ဗီရိုလေးပေါ်မှာ ဖယောင်းတိုင်တစ်တိုင် ထွန်းထားပေးဖို့ အလေးအနက်တောင်းဆိုခဲ့သည်။ ဘာကြောင့် အရေးတကြီး တောင်းဆိုရပါသလဲဟု သူမကိုမေးကြည့်တော့ သူမဟာ နာဇီအကျဉ်းစခန်းမှာ နေခဲ့စဉ်က စိတ်ကူးနှင့် ထွန်းညှိထားသည့် ဖယောင်းတိုင်တစ်တိုင်ကြောင့် အလင်းရောင်ရရှိပြီး ဖယောင်းတိုင်ကို ညစဉ်ညတိုင်း စိတ်ကူးနှင့် လုပ်ခဲ့သည့်အတွက် အသက်ရှင်ကျန်ခဲ့သည်ဟု ပြန်ပြောပြခဲ့သည်။ စိတ်ကူးနှင့်ထွန်းခဲ့သည့် ဖယောင်းတိုင်က ဒီလောက်အစွမ်းထက်လျှင် အပြင်မှာထွန်းသည့် ဖယောင်းတိုင်ကြောင့် သူမခံစားနေရသည့် ကင်ဆာရောဂါပျောက်ကင်းသွားနိုင်သည်ဟု ယုံကြည်ကြောင်း ဖတ်ရှုရသည်မှာ စိတ်အားတက်ဖွယ်ဖြစ်သည်။ မန္တလေးစာအုပ် အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - နှစ်ဆယ်ရာစု နိုင်ငံရပ်ခြား ဝတ္ထုတိုများပေါင်းချုပ် |
| စာရေးသူ | - ညွန့်ကြူး |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၂၂၀၀၀ ကျပ် |
| စာမျက်နှာ | - ၅၁၆ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဇွန်လ (တတိယအကြိမ်) |




၁၉၇၇ ခုနှစ်တွင် ပြည်သူ့အလင်းစာပေတိုက်၊ ၁၉၉၉ ခုနှစ်တွင် ရာပြည့်စာပေတိုက်တို့မှ ထွက်ရှိခဲ့သည့် မူအတိုင်း ပြန်လည်ရိုက်နှိပ်ထုတ်ဝေဖြန့်ချိသည်။ စာအုပ် နှစ်အုပ်ကို ပေါင်းစည်းထုတ်ဝေခြင်းလည်းဖြစ်သည်။

နိုင်ငံတကာ ဝတ္ထုတိုများဖြစ်ပြီး ဆိုဗီယက်၊ ရုရှား၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်နှင့် အာရှနိုင်ငံများသာမက ဥရောပနိုင်ငံများဖြစ်သော စပိန်၊ ပြင်သစ်၊အီတလီ၊ တူရကီ၊ ဗြိတိန်၊ ဂရိ၊ နယူးဇီလန်၊ နော်ဝေ၊ လက်တင်အမေရိကနိုင်ငံ ချီလီ၊ တောင်အာဖရိက၊ အီဂျစ်၊ ကျူးဘား၊ အမေရိကန်အစရှိသည့် ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်းစုံမှ ဝတ္ထုတိုအပုဒ်ရေ ၃၇ ပုဒ်ကျော် ပါရှိသည်။

ယင်းတွင် ကမ္ဘာကျော်ဝတ္ထုတို ဆရာကြီးများဖြစ်ကြသည့် အယ်လဗာတိုမိုရေး(အီတလီ)၊ပတ်ဒမာရာဂျူး(အိန္ဒိယ)၊ မက္ကဇင်ဂေါ်လီ(ရုရှား)၊ အော့စကင်း၊ ကတ်ဝဲ (အမေရိကန်)၊ ဟိုင်းနရစ်ဗိုး(ဂျာမန်)တို့၏ ဝတ္ထုတိုများ ပါဝင်လေသည်။

ဆရာညွန့်ကြူးသည် ဘာသာပြန်နှင့် ထုတ်ဝေရေးဌာန စာပြုအဖြစ် ခုနှစ်နှစ်ကြာ၊ မြန်မာစာအဖွဲ့ လက်ထောက်စာတည်းအဖြစ်မှ စာတည်းမှူးအဖြစ် နှစ်ပေါင်း ၂၀ နီးပါး တာဝန်ထမ်းရွက်ခဲ့သည်။ ဆရာညွန့်ကြူး၏ ပြေပြစ်ချောမွေ့သည့် ဘာသာပြန်လက်ရာ၊ နိုင်ငံတကာ ရသစာပေဖတ်ရှုသူများအတွက် စိတ်ကျေနပ်စေမည့်စာအုပ်ကောင်းဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့၊

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## အဖေ

- - - - - - - - - - - -

* အဖေဆိုတာ
သမီးပါ
သားပါ မသိသေးလည်း
အချစ်သည်းတဲ့သူ။

* စားရေး
ဝတ်ရေး
နေရေးဆိုတဲ့
အရေးသုံးပါးနဲ့
မိသားစုရဲ့ ခေါင်းဆောင်။

* အဖေ့ရဲ့ ချွေးစက်တွေနဲ့
ရေးဆွဲထားတဲ့ ပန်းချီကားမှာ
မိသားစုတွေပါတယ်။

* ရင်သွေးများရဲ့ ပညာရေး
အလေးထားလို့သာ
ကြိုးစားကာကျောင်းထား
အဖေ့အားနဲ့ရင်သွေးများ
ပညာတတ်များ ဖြစ်စေတယ်။

* သမီးသားတို့အတွက် ဖခင်ကောင်း
ဇနီးမယားအတွက် ခင်ပွန်းကောင်း
ပြည်သူ့အတွက် နိုင်ငံ့သားကောင်း
အဖေဆိုတဲ့ ကျောင်းကတော့
ခေါင်းလောင်းသံသာလို့နေဆဲပါ။ ။

တက္ကသိုလ်ရည်ရွယ်
(၂၀-၆-၂၀၂၆)

## (၁၀)ကြိမ်မြောက် တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများ၏ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ပါဝင်ပြသ

(၁၀) ကြိမ်မြောက် တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများ၏ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြန်မာ့ဆန်စပါးကဏ္ဍ ကိုယ်စားပြုပြခန်းကို Shwe Wah Yaung Agriculture Production Co., Ltd, Good Brothers' Co., Ltd တို့နှင့် ပူးပေါင်း၍ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ဇွန် ၁၁ ရက်မှ ၁၆ ရက် အထိ ကျင်းပရာတွင် ပါဝင်ပြသခဲ့သည်။


မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများနှင့် ပိုမိုကျယ်ပြန့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အထူးသဖြင့် ဆန်စပါး မျိုးစေ့ထုတ်လုပ်ငန်းများ၊ ဆန်စက်လုပ်ငန်းများ၊ စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ၊ အခြောက်ခံမှုနှင့် သိုလှောင်မှုလုပ်ငန်းများ၊ မြန်မာ့ပေါ်ဆန်းနှင့် တန်းမြင့်ဆန်များ တင်ပို့ရောင်းချရေးလုပ်ငန်းများ၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ထုတ်လုပ်ရေးလုပ်ငန်းများ၊ ဈေးကွက်အလားအလာနှင့် ခေတ်မီနည်းပညာ နယ်ပယ်များတွင် ပုဂ္ဂလိကလုပ်ငန်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်။ တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအား မြန်မာ့ဆန်စပါးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံ၍ ရေရှည်ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအပေါ် ဆွေးနွေးခြင်း၊ အမြင်ချင်းဖလှယ်ခြင်းတို့ လုပ်ဆောင်ခဲ့ကြောင်း MRF က ထုတ်ပြန်ထားသည်။

ကုန်စည်ပြပွဲ ဖွင့်ပွဲအပြီးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကုန်သည်စက်မှုအသင်းချုပ် UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်းတို့ ဦးဆောင်သော ဧည့်သည်များ လာရောက်ကြည့်ရှုအားပေးရာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် ပြခန်းတာဝန်ခံများက ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ ကူမင်းကုန်စည်ပြပွဲသို့ MFR အသင်းချုပ်မှ ဥက္ကဋ္ဌ ဦးဆောင်၍ တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဇင်နှင့် အဖွဲ့ဝင် ၁၆ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

ရွှေမန်း

ဝ-ဝ-ဝ-ဝ-ဝ-ဝ
ဝ-ဝ-ဝ-ဝ-ဝ



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၃၄)၊ ဦးပိုင်နံပါတ်(၅-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၄၄)ဧက အကျယ်အဝန်းရှိ ဦးကျော်မင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးပိုထွေး (ဘ)ဦးဘို(၅/ကနန(နိုင်)၀၂၄၅၁၄)၊ ဦးအောင်နိုင်မိုး (ဘ)ဦးလှလွင်(၅/ရဉန(နိုင်)၀၇၄၇၉၈)နှင့် ဦးမင်းကျော် (ဘ)ဦးကျော်ထွေး(၅/ပလဘ(နိုင်)၁၄၃၇၉၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ　**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ　**ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ　**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ　**ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၆)၊ ဦးပိုင်နံပါတ်(၃၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးဘိုဘိုလွင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးရဲထက်ကျော်(ဘ)ဦးကျော်မောင်(၅/ကဘလ(နိုင်) ၁၉၅၆၅၉)နှင့် ဒေါ်စိမ်းမို့မို့ (ဘ)ဦးတင်ဦး(၉/မတရ(နိုင်)၁၆၂၇၄၃) [၎င်းတို့၏ကိုယ်စား ဦးကျော်မောင် (ဘ)ဦးဘစီ(၅/ကဘလ(နိုင်)၀၃၈၇၉၅)]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ　**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ　**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ　**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ　**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၁၂)၊ ဦးပိုင်နံပါတ်(၃၄-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်ညို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးချစ်ညီညီ (ဘ) ဦးတင်လှိုင်(၉/ခမစ(နိုင်)၀၃၉၂၂၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ　**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ　**ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ　**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ　**ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ (ယခင်)ပုသိမ်ကြီးမြို့နယ်၊ (ယခု)ပြည်ကြီးတံခွန်မြို့နယ်၊ (ယခင်)သင်ပန်းကုန်းကျေးရွာ၊ (ယခု)သင်ပန်းကုန်းရပ်ကွက်၊ ကွင်းအမှတ်(၅၃၇)၊ ဦးပိုင်အမှတ်(ခ/၁၇-၁)၊ ဧရိယာ(၁ ဒသမ ၀၃)ဧကအတွင်းမှ ဧရိယာ(၀ ဒသမ ၁၁၀)ဧက၊ ပေ(၈၀×၆၀)အကျယ်အဝန်းရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းစိုးအေး (ဘ)ဦးမြင့်အေး(၉/အမဇ(နိုင်)၀၀၆၇၉၅) ကိုင်ဆောင်သူမှ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အရပ်ကတိစာချုပ်ဖြင့် အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ယခုအခါ ယင်းမြေကွက်အတွက် သက်ဆိုင်ရာဌာနများ၌ မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးငြိမ်းကျော်ကျော်ဝင်း B.A(Psy;),(PGDL)**

**အထက်တန်းရှေ့နေ**

**ဖုန်း ၀၉-၄၂၀၇၇၂၄၈၆၊ ၀၉-၇၉၇၂၃၁၁၆၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၁)၊ ဦးပိုင်နံပါတ်(၂၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးဌေးမြိုင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ မြောက်ဘက်ပိုင်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝေဝေလွင် (ဘ)ဦးသက်လွင်(၉/ပဉလ(နိုင်) ၀၃၁၅၄၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၃)၊ ဦးပိုင်နံပါတ်(၃၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးနှင်းဆွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်မေဇင်နိုင် (ဘ)ဦးစိုးလင်း(၁၂/ပဘတ(နိုင်) ၀၁၇၇၅၅)၊ ဒေါ်ဇာခြည်ထွေး (ဘ)ဦးသက်ကြည်(၉/မရမ(နိုင်)၀၈၆၇၉၉)နှင့် ဦးကျော်နိုင်ထွန်း (ဘ)ဦးမြင့်သိန်း (၁၂/လမတ(ဧည့်)၀၀၀၄၇၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၅)၊ ဦးပိုင်နံပါတ်(၃၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးမှဲ့ အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း (၂၅ပေ×ပေ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ကောင်းမြတ် (ဘ)ဦးတင်မောင်ဆန်း(၉/မဟမ(နိုင်)၀၄၂၈၉၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၂၆)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးဖော်ခင်(ခ)ဦးမှုတ္တူ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ မြောက်ဘက်ပိုင်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်သက်လင်း (ဘ)ဦးတင်အေး(၅/ရဘန(နိုင်)၁၆၁၇၄၂) (၎င်း၏ကိုယ်စား ဒေါ်မျိုးကြင် (ဘ)ဦးအောင်မြင့်(၅/ဒပယ(နိုင်) ၀၆၉၇၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၂၇လမ်းနှင့်လမ်း၆၀Cလမ်းနေ ဒေါ်သန်းသန်းဝင်း (၉/အမဇ(နိုင်)၀၀၇၆၅၂)၏ သမီးဖြစ်သူ မမေမြတ်သူ(၉/အမဇ(နိုင်)၀၄၅၆၇၃) သည် မိခင်၏ ဆိုဆုံးမမှုများကို မနာခံဘဲ အိမ်မှထွက်သွားပါသဖြင့် ၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းနိုင်ပါသည်။**　**ဒေါ်သန်းသန်းဝင်း ၀၉-၂၀၅၄၃၇၄**

❖ နိုင်ငံတော် ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# လုံခြုံရေးတပ်ဖွဲ့ဝင်များက မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် နှမ်းဆီကန်ကျေးရွာနှင့် သရက်ကန်ကျေးရွာကြားရှိ ကမ္မ-မြိုင်သွားကားလမ်းမပေါ်၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ အလုံး ၈၀ အား ထပ်မံဖယ်ရှားရှင်းလင်း

နေပြည်တော် ဇွန် ၂၀

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူမြို့နယ်၊ ကမ္မမြို့နှင့် မြိုင်မြို့နယ်သို့ဆက်သွယ်ထားသည့် ကမ္မ-မြိုင်သွား ကားလမ်းတစ်လျှောက်တွင် အများပြည်သူဖြတ်သန်းသွားလာရေးခက်ခဲစေရန်ရည်ရွယ်၍ ကတ္တရာလမ်းအား ကျင်းတူးပြီး ဆီပီပါခွံများဖြင့် ကားမိုင်းအဖြစ်ပြုလုပ်ကာ မိုင်းထောင်ပိတ်ဆို့ထားရှိကြောင်း တာဝန်သိ ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက

စာမျက်နှာ ၁၀ သို့ ○



မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တွင်းမကျေးရွာအနီး ကမ္မ-မြိုင်သွား ကားလမ်းမပေါ်၌ PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ အလုံး ၂၀ အား ထပ်မံဖယ်ရှားရှင်းလင်းနိုင်ခဲ့မှုကို တွေ့ရစဉ်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့် ရှိနိုင်ပါသည်။

မိုး/ဧလ

# ကတ္တရာလမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်လျက်ရှိ

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့သာယာလှပရေးအတွက် ကတ္တရာလမ်းခင်းခြင်းနှင့် ရေမြောင်းများ(Precast)၊ လမ်းကာတုံးများနှင့် ပလက်ဖောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ပြည်သူ့အကျိုးပြုဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောင်မြေသာစံမြို့နယ်အတွင်း ၁၂ လမ်း(ငွေတချောင်း)နှင့် ၆၆ လမ်းကြား၊ ရေမြောင်းများ (Precast U Drain နှင့် Precast Box Culvert)တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ပေအရှည်များအတိုင်း မေ ၅ ရက်မှ စတင်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြောင်းဖုံးများ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ ၅၈ လမ်း၊ ၁၉ လမ်းနှင့် ၂၂လမ်းကြား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်က စတင်ကာ ဆောင်ရွက်ခဲ့ပြီး ကျောက်သေးဖြန့်ခင်းခြင်း၊ စက်ကြိတ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်၁၂ လမ်း၊ ၆၆ လမ်းနှင့် ၇၁ လမ်းကြား(ကျုံးဘက်ခြမ်း) အုတ်ရေမြောင်းပြုပြင်ခြင်း၊ လုပ်ငန်းများကို မေ ၂၁ ရက်တွင် စတင်ဆောင်ရွက်ရာ အုတ်စီခြင်းလုပ်ငန်းနှင့် မြောင်းဖုံးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ စံချိန်စံညွှန်းမီဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ဌာနမှူး ဦးစိုးနှင်းသိန်း၊ ဒုတိယဌာနမှူး ဒေါ်သွယ်နှင်းအောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနက မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ မြို့တော်သာယာလှပဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ပြည်သူ့အကျိုးပြုအဖြစ် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀





## ရတနာပုံ (ယူ-၂၀) အသင်းကိုအနိုင်ယူပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေသည့် ရန်ကုန်ယူနိုက်တက် (ယူ-၂၀)အသင်း

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်ယူနိုက်တက်(ယူ-၂၀) အသင်း၏ MNL U20 League 2026 (Week - 5)အဖြစ် ရတနာပုံ(ယူ-၂၀) အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်လူငယ်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၂ မိနစ်မှာပင်စတင်ရရှိခဲ့ပြီး ခွန်းချိုထူးမှသွင်းယူပေးခဲ့သည်။ ထို့နောက်ပွဲချိန် ၂၀ မိနစ်တွင် ရတနာပုံလူငယ်အသင်းမှချေပဂိုးရရှိခဲ့ကာ စထွန်းအွာမှ သွင်းယူပေးခဲ့ပါသည်။ ထို့နောက် ရန်ကုန်လူငယ်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးကိုတော့ ပွဲချိန် (၂၄)မိနစ်တွင်ပထမ သွင်းဂိုးရှင် ခွန်းချိုထူးကရရှိလာသော အလွတ်တည်ကန်ဘောမှတစ်ဆင့် လှလှပပကန်သွင်းအဆုံးသတ်ပေးခဲ့သည်။

ဒုတိယပိုင်းတွင် ပွဲပိုမိုမြိုင်ဆိုင်လာခဲ့ပြီး ရန်ကုန်လူငယ်အသင်းမှ ဂိုးကန်သွင်းမှုများစွာပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးကံခေမှုများကြောင့် သွင်းဂိုးများမြင်တွေ့ခဲ့ရခြင်းမရှိတော့ဘဲ ပွဲပြီးဆုံးချိန်တွင် ရန်ကုန်လူငယ်အသင်းမှ ရတနာပုံလူငယ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပါသည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်းသည် လက်ရှိတွင် (၅) ပွဲကစား၊ (၄) ပွဲနိုင်၊ (၁) ပွဲသရေရလဒ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေပြီး လာမည့် ဇွန် ၂၆ ရက်တွင် ရန်ကုန်စီးတီး (ယူ-၂၀)အသင်းနှင့် သီဟဒီပကွင်းတွင်ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(NGB)**